

ရန်ကုန်တက္ကသိုလ်ရာပြည့်နှစ်
၁၉၂၀ - ၂၀၂၀ သို့ အမှတ်တရ
ရည်ညွှန်း စုစည်းသည်။



# မောင်လှုအေး၏
# အမိတက္ကသိုလ်စာများ

# သိပ္ပံမောင်ဝ



ခေတ်စမ်း စာရေးဆရာကြီး သိပ္ပံမောင်ဝ
ရေးသားခဲ့သော စာများထဲမှ
သူ၏ ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝ
အတွေ့အကြုံနောက်ခံများ ပါဝင်ရေးသားခဲ့သည့်
စာများကို ရန်ကုန်တက္ကသိုလ်ရာပြည့်နှစ် အမှတ်တရ
သီးခြားစုစည်း စီစဉ်ထုတ်ဝေခြင်း ဖြစ်ပါသည်။
အခြားသော စာအုပ်များတွင် မပါဝင်သေးသော
ထပ်မံတွေ့ရှိသည့် စာအချို့လည်း
ဖြည့်စွက်ထားပါသည်။

mgyoe.com

ISBN 9789997119148
TPMW6
9 789997 119148
2,300.00KS

mgyoe.com

၂၀၁၉ သည် ခေတ်စမ်းစာရေးဆရာကြီး သိပ္ပံမောင်ဝ၏ နှစ် ၁၂၀ ပြည့်ကာလဖြစ်သည်။ လာမည့် ၂၀၂၀ သည်မှ စာရေးဆရာကြီး သိပ္ပံမောင်ဝတို့ ဖြတ်သန်းခဲ့ရာ ရန်ကုန်တက္ကသိုလ်ကြီး၏ နှစ် ၁၀၀ ပြည့်ကာလ ဖြစ်နေပေသည်။

ယခု ၂၀၁၉ မှ ၂၀၂၀ သို့ ကူးပြောင်းတော့မည့်အခါ၌ စာရေးဆရာကြီး သိပ္ပံမောင်ဝကိုလည်း ဂုဏ်ပြု၊ ရန်ကုန်တက္ကသိုလ်ကြီးအတွက်လည်း အမှတ်တရဖြစ်စေသောငှာ သူ၏လက်ရာများထဲမှ တက္ကသိုလ်နှင့်ဆက်စပ်လေရာ စာ ၂၁ ပုဒ်ကို ရွေးထုတ်၍ "မောင်လူအေး၏ အဓိတက္ကသိုလ်စာများ" အမည်ရှိ စာတစ်အုပ်ကို စီစဉ်လိုက်ကြရပါသည်။

ဆော်ဩအကြံပြုသူ ဆရာ ဦးမြင့်ကြိုင်အား ကျေးဇူးမှတ်တမ်းပြုလျက်...

စိတ်ကူးချိုချိုစာအုပ်တိုက်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# မောင်လူအေး၏
# အမိတက္ကသိုလ်စာများ

## သိပ္ပံမောင်ဝ

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်
အမှတ်တရ စုစည်းသည်။

ပထမအကြိမ် ၂၀၁၉

mgyoe.com

mgyoe.com

မောင်လူအေး၏ အဖိတက္ကသိုလ်စာများ၊ သိပ္ပံမောင်ဝ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၁၄၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သိကြားမင်းထံလျှောက်လွှာ | ၁ |
| ၂။ | Our College | ၅ |
| ၃။ | ကိုဖိုး | ၁၁ |
| ၄။ | အိုင်စီအက်စ် | ၂၁ |
| ၅။ | စာမေးပွဲ | ၂၇ |
| ၆။ | အကြံ | ၃၄ |
| ၇။ | သမဂ္ဂ | ၄၀ |
| ၈။ | တို့ဆရာ | ၄၇ |
| ၉။ | တက္ကသိုလ်ဆရာကြီးဦးပွား | ၅၂ |
| ၁၀။ | ပန်းသည် | ၅၈ |
| ၁၁။ | အမိတက္ကသိုလ် | ၆၅ |
| ၁၂။ | ရာဇဝင် | ၇၁ |
| ၁၃။ | ဘောလုံးပွဲ | ၇၉ |
| ၁၄။ | တကောင်းပြည် | ၈၅ |
| ၁၅။ | ၁၉၂၀ | ၉၁ |
| ၁၆။ | တပို့တွဲ | ၉၉ |
| ၁၇။ | နှုတ်ဆက်ပွဲ | ၁၀၅ |
| ၁၈။ | ရှေးနှင့်မတူ | ၁၁၄ |


mgyoe.com

mgyoe.com

နိုင်ငံရေးနှင့် စာပေ


၁၉။ ယူနီဗာစီတီဘွဲ့နှင်းကောက် ၁၂၁

၂၀။ အမျိုးသားနေ့ ၁၃၂

၂၁။ ခေတ်စမ်းစာပေ
(ရန်ကုန်တက္ကသိုလ်ကို ချီးလိုသူများသို့) ၁၃၆


×××

mgyoe.com

mgyoe.com

# သိကြားမင်းထံ လျှောက်လွှာ

~



mgyoe.com

mgyoe.com

# သိကြားမင်းထံ လျှောက်လွှာ

ကောဝိဋ္ဌာရ၊ ရက္ခပင်မင်း၏အနီး၊ အုံ့ချီးစဖွယ်၊ ဆန်းကြွယ်ခမ်းနား၊ ကြီးမား အထု၊ ပဏ္ဍုကမ္ဗလာ၊ မြကျောက်ဖျာအထက်၌၊ ကျက်သရေအမျိုးမျိုးတို့ဖြင့်၊ ကွန့်ဖြိုးတင့်တယ်စွာ၊ လ–စန္ဒာကို၊ တာရာကြွယ်နက္ခတ်အစုံ၊ ဝန်းအုံရံခ သကဲ့သို့၊ မြတ်လှဒေဝီ၊ နတ်ရွှေညီတို့၏အလယ်တွင်၊ စံပယ်ကွန့်မြူးကာ၊ မဟာဒေဝရာဇ်၊ နတ်တကာတို့၏ သင်းကျစ်လည်းဖြစ်ထသော၊ ရှစ်သောင်း လေးထောင်၊ အမြင့်ဆောင်သော၊ တောင်များသနင်း၊ မြင်းမိုရ်တောင်မင်းကို စဉ်လျက်၊ တစ်ချက်တည်းနှင့် ပျက်စီးယိုယွင်းအောင် စွမ်းဆောင်နိုင်သည့်၊ ဝရဇိန်လက်နက်၏ သခင်လည်းဖြစ်ထသော၊ သဟဿနေနတ်၊ ဘွဲ့ခံရင်း ဖြစ်သည့်အတိုင်း၊ စိစစ်နှိုင်းညှိ၊ တစ်ထောင်သော အမြင်မျက်စိဖြင့်၊ သတိ ရေးယူ၊ လူတို့၏နယ်ဘက်ကို တစ်ချက်တစ်ချက် ရှုမျှော်၍၊ မသူတော် တရား၊ လိုက်စားတိမ်းစောင်း၊ အပါယ်လောင်းဖြစ်ကြသည့်၊ မကောင်းသူတို့ ကို ပယ်၊ ကောင်းသူတို့ကို ကယ်လေ့လည်းရှိထသော၊ သက္ကမာဃိန်၊ ပုရိန္ဒဒ၊ နာမထင်ရှား သိကြားမင်းအရှင်သခင်မြတ်ဘုရား။

လူ့ပြည်လူ့ရွာ လူ့ခန်းဝါတွင်၊ ရတနာရိပ်မြုံ၊ သာမျိုးစုံသည်၊ ရန်ကုန် ပြည်သာ၊ မြောက်မျက်နှာဝယ်၊ ကမာရွတ်ခေါ်၊ ထင်ပေါ်ဂါမာ၊ သညာမည် သီး၊ ရွာအနီး၌၊ အုံ့ချီးဖွယ်တည်ထား၊ ယူနီဘာစီတီကျောင်းသားများ၏၊ ပျော်ပါးမွေ့လျော်ရာဖြစ်သော၊ ကျောင်းတော်ကြီးအတွင်းမှာ၊ အဋ္ဌာရသ၊ သိပ္ပအမျိုးမျိုးကို၊ အားကြိုးမာန်တက်၊ ကျက်မှတ်လေ့လာနေရပါသော

mgyoe.com

ကျွန်တော်မျိုး မောင်ဝက၊ ဟတ္ထပဒုံ၊ လက်ကြာမုံဖြင့်၊ ခြေတော်အစုံကို ဦးခိုက်လျက်၊ တိုက်ရိုက်လျှောက်ကြား၊ အသနားတော်မြတ် ခံလိုသည်မှာ။

ကျွန်တော်မျိုးတို့နေထိုင်ရာ၊ အိမ်ဂေဟာအနီး တောအုပ်ကြီးတွင်၊ ခိုမှီးပိုင်စိုး၊ လွှမ်းမိုးအထူး၊ ကွန့်မြူးစံပယ်ကာ၊ ခြင်ငယ်ဖြုတ်အပေါင်းတို့၏ ဦးစီး၊ ၎င်းတောအနီးရှိ အသီးသီးအတန်တန်၊ တွင်းကန်အိုင်ချောင်း၊ မကောင်းယွင်းပျက်၊ ရွံ့ညွန်ဗွက်ဟူသမျှတို့၏ အရှင်၊ ခြင်ဘုရင်အပေါင်းတို့သည်၊ ထုံးဟောင်းဥပမာ၊ အလားတူရှာလိုက်လျှင်၊ ဝေသာလီပြည့်ရှင်၊ ငါးရာသော လိစ္ဆဝီဘုရင်တို့ကဲ့သို့၊ အသွင်မယွင်း၊ မိမိတို့အချင်းချင်းလျှင်၊ အသင်းအပင်း ဖွဲ့စည်းကာ၊ သူရိယာနေဝန်း၊ ဂေါယာကျွန်းသို့၊ ယွန်းသည်နှင့်တစ်ပြိုင်နက်၊ အနောက်ဘက်မျက်နှာ၊ နေရောင်ဝါအပျောက်၊ ဆည်းဆာရောက်လတ်သော်၊ ကြောက်လန့်ဖွယ်ကြီး၊ အင်မတီး အင်မတန်၊ စိတ်မာန်ထက်ပြင်း၊ တစ်စက္ကန့်အတွင်းမှာ၊ များစွာမိုင်ပေါင်း ပေါက်ရောက်နိုင်သော၊ အံ့လောက်ဖွယ်အပြီး၊ လေယာဉ်ပျံတပ်ကြီးများ ချီတက်၍လာသလို၊ ညီညာပျံသန်း၊ ကျွန်တော်မျိုး နေရာအခန်းသို့၊ ကြွမြန်းဝိုင်းအုံတော်မူကြပြီးလျှင်၊ မကြင်မနာ၊ ညာတာထောက်ထားခြင်း၊ အလျှင်းလုံးလုံးမရှိ၊ ဖိစီးလွှမ်းမိုး၊ ကျွန်တော်မျိုးနှင့် ညှိုးသူရန်ဘက်၊ အဆက်ဆက်က မဟုတ်ရပါဘဲ၊ အစမွအတင်း ချင်းနင်းဝင်ရောက်ခါက၊ ကျွန်တော်မျိုးခမျာကို၊ ညီလာခဲကိုက်၊ ခြင်သူပုန် တိုက်ခိုက်၍ နေကြပါကြောင်း။

ကျွန်တော်မျိုးလည်း၊ အားကြီးမာန်တက်၊ ရန်သူတို့ အနှိပ်စက်ကို၊ သက်သက်ခံ၍မနေနိုင် ထိုင်ကာထကာ၊ ဘယ်ညာနှစ်ဖက်၊ အစုံသောလက်ဝါးပြက်တို့ဖြင့်၊ တဖတ်ဖတ် တဖုတ်ဖုတ်၊ အတွင်းသားရိုက်ပုတ်၍၊ အဟုတ်လက်မလွှတ်၊ အတင်းဖွတ်လျှင်၊ အဝတ်နှင့်ယမ်းလိုယမ်း၊ စွမ်းနိုင်သမျှခုခံ၍ မရသောအခါ၊ အာရုတိုက်အတွင်း၊ သတင်းကြီး၍၊ ဉာဏ်သိမ်မွေ့သည်၊ အရှေ့အင်္ဂလန်၊ ဂျပန်ပြည်ထွက်၊ လက်နက်အပေါင်းတို့တွင်၊ အကောင်းဆုံးဖြစ်ပေသော ခြင်သေမှိုင်းဆေးတို့ဖြင့် မနေးမပြတ်၊ အထပ်ထပ်အခါခါ၊ ပစ်ဖောက်ရှို့လွှတ်ပါသောကြောင့်၊ အရာအထောင်မက၊ များလှစွာသော၊ ခြင်အို၊ ခြင်ပျို၊ ခြင်စစ်ဗိုလ်တို့သည်၊ ထိုထို စစ်မြေတလင်း၌၊ ပျက်စီးခြင်းသို့ ဆိုက်ရောက်ကြပါသော်လည်း၊ ကျန်ရှာသူ ခြင်စစ်သားများက၊ မနားမရပ်၊ တစ်စပ်တည်း

mgyoe.com

mgyoe.com

ဆက်လက်၍၊ မိမိတို့၏အသက်ကိုပင် မညှာတာ၊ ကြိုးစားကာ ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်ပြန်သောကြောင့် ဂျပန်လက်နက်များပင် မဖျက်ဆီးနိုင်၊ ယိမ်းယိုင် ချွေညိုးကာ၊ ကျွန်တော်မျိုး၏ရှေ့တပ်မကို ရုပ်သိမ်းလိုက်ရပါကြောင်း။ ။

ကျွန်တော်မျိုးတပ်မ၊ အခြေအနေ မလှသည်ကို၊ မြင်ကြသောအခါ ခြင်စစ်သည်အပေါင်းတို့သည် သောင်းသောင်းဆူပွက်၊ တက်သည့် လေယာဉ် ပျံ၊ မိုတိုစက်အသံကဲ့သို့၊ ဆူညံစုဝေး၊ အောင်သံကိုပေးကြလျက်၊ ဘေးဆီးရန် ကာ၊ စိတ်မှာအားကိုး၊ ကျွန်တော်မျိုး၏ မြို့ရိုးတည်းဟူသော အိပ်ခန်းကို ဝိုင်းဝန်းလျက်၊ ဗလက္ကာရ၊ အဓမ္မအတင်း၊ ချင်းနင်းဝင်ရောက်ကြပြီးလျှင်၊ နှုတ်သီးမွေးအမှင်တည်းဟူသော၊ အင်မတန့်ကြောက်ဖွယ်ရာ၊ အရိန္ဒမ လှံစကြာကြီးတို့ဖြင့်၊ ညှာတာမတွေး၊ ကျွန်တော်မျိုးကိုယ်သွေးကို၊ ဆားက ဖောက် နံကဖောက်။ အိမ်ထောင်စုံ သားမယားတို့ပါ၊ အများအပြားသောက် ကြသဖြင့်၊ ရွံ့ကြောက်ငေးမှိုင် မခံမရပ်နိုင်သည့်အတွက်၊ အထက်ခံတပ် တည်းဟူသော ကြာခြည်ယံသို့ ပြောင်းပြီးလျှင်၊ ပုန်းအောင်းလျက်နေရာ၊ ခြင်သူပုန်များစွာတို့သည် မဟာစစ်အောင်ပွဲသဘင်၊ ဆင်ယင်ကျင်းပကာ၊ ဝမ်းသာရွှင်ကြည်၊ အောင်စည်အောင်မောင်းတို့ကို၊ ရိုက်ညှောင်းတီးဆော်ကြ ပြီးသော်၊ အဖော်အပေါင်းတို့ စုဝေးလျက်၊ တပ်မကို မဖျက်ဘဲ၊ ဆက်လက် စောင့်စားနေကြသဖြင့် စိတ်ကကြောက်ရွံ့၊ မထွက်ဝံ့မထွက်သာ၊ ကြာခြည်ယံ အတွင်းမှာပင်၊ အစာရေပြတ် ထမင်းငတ်လျက်၊ မရပ်မတည်နိုင်၊ ယိမ်း ယိုင်မချို၊ ပျက်စီးလုနီးပါးရှိလေရကား၊ အရှင်သိကြားမင်းမှ မကယ်လျှင်၊ သေဖွယ်ရာ ရှိတော့သဖြင့်၊ အထိကရ ရန်ဘေး၊ ခြင်သူပုန်တို့နှင့် ဝေးရအောင်၊ ဖေးမ စောင့်ရှောက်တော်မူပါမည့်အကြောင်းကို၊ စုပေါင်းလေးမူ၊ ယူနီဘာ စီတီ၊ သညီထင်လင်း၊ ကောလိပ်ကျောင်းမဂ္ဂဇင်းတွင်၊ ထည့်သွင်းလျှောက် ထား၊ ဝတီနယ်က ကြားဖို့ရန်၊ အသနားတော်မြတ်ခံပါသည်။ သုဇိတာအစ၊ လေးဝသော မိဖုရားကြီး၊ အသီးသီးခြွေရွေ၊ နှစ်ကုဋေ ငါးသန်းသော မိဖုရား ငယ်တို့၏သခင်၊ ဤအရှင် သိကြားမင်းကြီးဘုရား။ ။

အမည်–မောင်ဝ

နေရပ်–ချောင်က

ယူနီဘာစီတီကောလိပ်မဂ္ဂဇင်း၊ အတွဲ ၁၆၊ အမှတ် ၁၊ ၁၉၂၅။

mgyoe.com

mgyoe.com

# Our College

"Men may come and men may go,
But I go on forever"

Lord Tennyson

Our College, like other seats of learning, resembles a rest house at the cross roads, where travellers from different quarters stay for a while to rest and quench their thirst. When their desires are fulfilled they leave without cherishing any memory of it.

The academic year is almost over. The contemptible word "Freshers" has found its natural grave in the mouths of veteran collegians who style themselves "Senior Students". The distinction between the "Freshers" and the "Senior Students" has disappeared irrevocably and the gulf between them has been bridged by the powerful hand of "Time". Now the "Freshers" and the so called "Senior Students" talk together, eat together, play together and, in short, they mingle with one another freely. The sense of superiority on the part of senior students has already gone. The "Freshers" now feel that they are no longer "Freshers" but veteran collegians. Can any body deny the fact? Have they not stayed at the college for nearly a

mgyoe.com

mgyoe.com



OUR COLLEGE

mgyoe.com

mgyoe.com


complete year?

The Annual Athletic Sports, the Tennis Season, the Aquatic sports and the inter-class and inter-hostel competitions of various kinds are over and the secretaries of college associations have laid down their year's work in the form of annual reports. The collectors of subscriptions for associations are no more to be seen and the students can at present enjoy their peace of mind in their own cubicles. They will look the Treasures and Assistant Treasures of the said associations, in the face. The various college function such as the Annual 'X mas dinner and the Annual Boat Club dinner are over. The memory of Anyein Pwes at the hostels passes away from our minds like dreams in an enchanted island.

The Mess Committee, the Supayalat Funeral Committee and the Bus Committee have died a natural death. The members of the Mess Committee will hear no more complaints from their fellow- students. They will no longer be "head cooks" and "bottle washers" as the members of this committee are called. Their days are past and gone. The U.T.C. members will no longer feel that they are stronger than others.

Alas! No more will the Bursar call us to see him in connexion with fees and fines. Alas! again we shall no more be wanted by the Principal to warn us to attend lectures regularly.

The Cashier's office will be as desolate a place as the Sahara Desert. No student will care even to loiter near it. Complete stillness will prevail there for more than ninety days. It will, indeed, be the play ground of mice. Good Bye to you, Mr. Cashier, for three months.

Caesar, Hannibal, Henry VIII. Frederick the Great, and

mgyoe.com

mgyoe.com


Napoleon, have stopped their nocturnal visits to the rooms of History Students. Syllogism is no more the subject of discussion among Logic Students. Syllogism is no more the subject of discussion among Logic Students. They have ceased to be contenders and are now as good and amiable companions as any living beings under the sun. $H_2O$, $H_2SO_4$ and $HNO_3$ will vanish from the heads of Chemistry Students. A severe treatment awaits U Ponnya. Some students of Burmese Literature have obtained a letter of authority by which he is compelled to leave the University compound within twenty four hours with his complete works.

Candles at different sizes will find no access to the cubicles of hostel students. The dim candle light will no more be seen at a Pagan, Prome and Tagaung Halls in the dead of night. The sleepless and anxious nights will be no more. The supremacy of bus drivers will soon be at an end. We shall also be deprived of the chance of witnessing hundred yards and two twenty yards races at 9 a.m., in front of the Dinning Hall.

With the coming June, the new academic year will commence. Then the college building will resound with the greetings of old friends who come back from various quarters of the province after enjoying the long vacation. Some of them wear smiles on their lips; but regret and despair mark the faces of others. We shall then have to congratulate those friends who are successful and console others who are so unfortunate as to have enjoyed the bitterness of failure. There will also be many who will not return any more to the College. Some students we shall meet at the door of the Principal's office. They are the people who have completed their career at the

mgyoe.com

mgyoe.com


college and how come to receive recommendations from the Principal. Their faces are bright and success is written on their foreheads. They will disappear from the scene for ever. To them, the Principal and Bursar will no more be the objects of fear but of respect.

Their places will be taken by new recruits who are manufactured by the machines of different high schools throughout the province not excepting the Southern and Northern Shan States. They will find the recruiting office. i.e. cashier's office a place of disappointment. The lecture rooms will be strange to them and the professors and the lectures will be their demi-gods. The senior students will be looked upon by them as great scholars. But alas! Their reward will be contempt which will be heaped upon their heads. They will be call "Freshers". This epithet is associated with no small amount of contempt. Senior students themselves have enjoyed the bitterness of this term when they first joined the college. They now avenge themselves on the new comers with compound interest!

Among the new recruits we shall find young men of different characters with different names and from different towns. Even the distant Myitkyina and Mergui have their representatives at our college; the proud and self-sufficient pedants are not wanting among them; and we must be ready to welcome Hindu and Mohammedan students with Burmese names, such as Banerjee *alais* Maung Maung Sein and Mohamed Jeejee *alias* Maung Khin Maung Myint. By the way, will anybody kindly answer me why they want to adopt Burmese names? Is it because they love mother Burma very

mgyoe.com

mgyoe.com

much? Or is it because they think that they will have preference when they go out into the world after their college career? Whatever their motives, I should like to remind them that a leopard cannot change its spots. Enough for the present enough, my dear reader, I wish you a happy and prosperous vacation.

University College Magazine, March, 1926.

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# THE UNIVERSITY COLLEGE MAGAZINE.

DECEMBER 1928.

Vol. XIX. No. 1.

UNIVERSITY COLLEGE.

RANGOON.

mgyoe.com

mgyoe.com

# ကိုဖိုး

ကိုဖိုးသည် ကောလိပ်ကျောင်းတွင် ထင်ရှားသော ကျောင်းသားတစ်ဦး ဖြစ်ခဲ့ပေသည်။ ကိုဖိုး ထင်ရှားခဲ့သောခေတ်သည်ကား မြန်မာသက္ကရာဇ် ၁၂၈၆ ခုနှင့် ၁၂၈၉ ခုနှစ်အတွင်း ဖြစ်လေသည်။ ၎င်းလေးနှစ်အတွင်းတွင် ကောလိပ်ကျောင်း၌ ကိုဖိုး မသိသူ ကျောင်းသားဟူ၍မရှိ။ ကိုဖိုးအား မသိသူ ကျောင်းသားဟူ၍လည်း တစ်ယောက်မျှ မရှိချေ။ ကျောင်းသားဆိုရာ၌ ကျောင်းသမီးများလည်း ပါလေသည်။ (ဤကား စကားချပ်)။ ။ မွေးကတည်းကပင် 'လူအသိများမည်' ဟူသော နက္ခတ်နှင့် မွေးလာသောကြောင့်ပေလားမသိ။ ကိုဖိုး ကောလိပ်ကျောင်းသို့ ရောက်၍ တစ်လအတွင်းမှာပင် ကောလိပ်ကျောင်း အိုင်အေအတန်းသားများနှင့် မဆိုထားဘိ၊ ဘီအေအထက်တန်းသမားတို့နှင့်ပင် ကိုဖိုးမှာ မိတ်ဆွေသင်္ဂဟဖြစ်နေသည်ကို တွေ့မြင်ကြရသောအခါ မိမိနှင့် အတူလာသော အတန်းသားအချင်းချင်းတို့မှာ အံ့သြ၍မဆုံးနိုင်အောင် ဖြစ်နေကြရှာလေ၏။ ထိုအတန်းကြီးသမားတွေနှင့် သိသည်ဆိုရာ၌ သိသည်ဆိုရုံ မိတ်ဆွေဖြစ်သည်ဆိုရုံ သိသည်မဟုတ်။ အသေအချာတစ်ယောက်နှင့်တစ်ယောက် ရယ်လားမောလား အတူတကွ သွားလားလာလားနှင့်နေလောက်အောင်ပင် အရောတဝင် ဖြစ်နေလေသည်။

တစ်ကျောင်းလုံးနှင့် အသိမိတ်ဆွေ ဖြစ်နေရုံမျှမကသေး ကောလိပ်ကျောင်းသားများအနက် မည်သူသည် ဝန်ထောက် မည်သူ၏ သား၊ မည်သူ

mgyoe.com

mgyee.com


ဟာ သူဌေး မည်သူ၏တူ၊ မည်သူသည် ရှေ့နေ မည်သူ၏ သမီး စသဖြင့် ကျကျနန သိသောသူတစ်ယောက် ဖြစ်လေသည်။ ကိုဖိုး ကောလိပ်သို့ ရောက်၍ များမကြာမီပင် ကိုဖိုး၏သတင်းရနံ့သည် တစ်ကျောင်းလုံး သင်းပျံ့လျက် ရှိနေပေ၏။ မည်သူသည် မည်သူ၏သမီးဖြစ်ကြောင်းကို အသေအချာသိလိုသူများသည် ကိုဖိုးထံသို့ တိတ်တဆိတ် လာရောက်ကာ မေးမြန်းကြရရှာ၏။ ဤသို့ လာရောက်မေးမြန်းကြသောသူများအနက် 'ငါတို့သည် ကောလိပ်ကျောင်းတွင် လူသိကြီးတွေပဲ' ဟု အထင်ရောက်ပြီး သွေးမြောက်နေကြသော ဘီအေအတန်းကြီးသမားများပင် ပါဝင်ကြလေသည်။ သနားစရာပင် ကောင်းလှပေတော့၏။ ဤသို့ လာရောက် မေးမြန်းကြသောအခါ၌ မည်သူသည် မည်သူ၏သမီးဖြစ်ကြောင်းကို ပြောပြလိုရုံမျှ မကသေး။ ဘိုးဘေးဘီဘင်မှစ၍ ဆွေမျိုးဉာတိ ရှိသမျှသော သူတို့၏အကြောင်းစုံရာကိုပါ ဇာတ်ကုန်လှန်၍ ဟောပြနိုင်သောကြောင့် ကိုဖိုးအား ကျေးဇူးတင်၍ မဆုံးနိုင်လောက်အောင် ဖြစ်နေကြလေ၏။

ကျောင်းသားများနှင့်ပတ်သက်၍ သိရုံမျှမကသေး။ ကိုဖိုး ရန်ကုန်သို့ ရောက်သည်မှာ သုံးလခန့်ကြာရုံနှင့်ပင် ရန်ကုန်မြို့တွင် မွေးဖွားသူတို့ထက် ရန်ကုန်အကြောင်း ပိုမိုသိလျက်ရှိနေပေ၏။ ရွှေတောင်တန်းအိမ်နံပါတ် မည်၍မည်မျှတွင် အပျိုဘယ်နှယောက်ရှိကြောင်း၊ ၎င်းတို့၏အမည်များမှာ မည်သူမည်ဝါဖြစ်ကြောင်းကို ကောင်းကောင်းပြောပြနိုင်သည့်အပြင် ရွှေတိဂုံဘုရား မည်သည့်စာအုပ်ဆိုင်တွင် စာအုပ်အကြွေးရနိုင်ကြောင်း၊ မည်သည့်ပန်းဆိုင်တွင် ပန်းအဖိုးချိုချိုနှင့် ရနိုင်ကြောင်း၊ သိမ်ကြီးဈေး၌ မည်သည့်မုန့်ဟင်းခါးဆိုင်သည် အကောင်းဆုံးဖြစ်ကြောင်း၊ ဆူးလေဘုရားရှိ မည်သည့်ထမင်းဆိုင်မှာ ငါးဟင်းကောင်းကောင်း ရနိုင်ကြောင်း အစရှိသည်တို့ကိုလည်းကောင်း၊ မော်တော်ကားလိုင်စင်လိုလျှင် မည်သည့်ရုံးသို့ သွားရကြောင်း၊ အမြတ်တော်ကြေးရုံးသည် မည်သည့်ဌာနတွင် ရှိကြောင်း၊ စည်ပင်သာယာရုံးတွင် စာရေးဘယ်နှယောက်ရှိကြောင်း အစရှိသည်ကိုလည်းကောင်း၊ ကြည့်မြင်တိုင်၊ ပုဇွန်တောင်၊ တောင်ဥက္ကလာ တို့တွင် မည်သူ မည်သူတို့သည် လူမိုက်များဖြစ်ကြောင်း၊ မည်သူ မည်သူတို့သည် အငြိမ့်အလွန်ကြိုက်သော ပွဲစားကြီးများဖြစ်ကြကြောင်း၊ မည်သူ မည်သူတို့သည် အတီး

mgyee.com

mgyoe.com


အမှတ်၌ ပထမတန်းခေါ် လောက်အောင် တတ်မြောက်ကြောင်း အစရှိသည့် သတင်းတို့ကိုလည်းကောင်း စုံလင်စွာ ပြောကြားနိုင်သူတစ်ယောက်လည်း ဖြစ်ခဲ့ပေ၏။

ရန်ကုန်မြို့တစ်မြို့အတွင်း၌ရှိသော သတင်းထူးတို့အကြောင်းကို သိရုံမျှနှင့် အံ့သြရန် မထိုက်လှသေးချေ။ အခြား ရှိပေသေး၏။ ဝန်ထောက် မည်သူသည် မည်သည့်နေ့က မည်သည့်မြို့သို့ ပြောင်းသွားရကြောင်း၊ မြို့အုပ် မည်သူအား လက်ဆောင်စား၍ အလုပ်ဝတ္တရားမှ ခဏချထားကြောင်း၊ မည်သည့်မြို့တွင်ရှိသော လယ်ဝန်၏မယားသည် အလွန်လုပ ယဉ်ကျေးကြောင်း၊ မည်သည့်မြို့သို့ ပြောင်းသွားရသော တရားမဝန်ထောက် သည် ကောလိပ်ကျောင်းနေစဉ်က ပညာအရာတွင် ထက်မြက်ကြောင်း၊ မည်သည့်နေ့က စက်သူဌေးသမီး မည်သူနှင့် မြေပိုင်ရှင် မည်သူ၏သားတို့ ထိမ်းမြားမင်္ဂလာပြုကြကြောင်း၊ ၎င်းတို့နှစ်ဦးအနက် မည်သည့်ဘက်က စနကြေးငွေ ပေါများကြောင်း၊ ၎င်းမင်္ဂလာဆောင်သတို့သား၌ တိတ်တိတ် ထားသော မယားဘယ်နှယောက်ရှိကြောင်း၊ မည်သည့်သတင်းစာအယ်ဒီတာ များမှာ လူညာများဖြစ်ကြောင်း၊ မည်သည့်နှစ်က ဘိအေအောင်သူသည် မင်္ဂလာဆောင်သည့်နေ့မှ ခုနစ်လအတွင်း သားနှစ်ယောက်ရကြောင်း။ (သား နှစ်ယောက်ဆိုရာ၌ အမြွှာကို ဆိုလိုသည်။) ဤသို့ မိမိနှင့်မဆိုင်သော သတင်း ထူးတို့ကိုလည်း ပေးနိုင်သူတစ်ယောက်ဖြစ်ပေသည်။ သတင်းထူးတို့ကို ပေးနိုင်ရုံသာမဟုတ်။ စနေ၊ တနင်္ဂနွေ အားလပ်သောအခါများ၌ ကိုဖိုးအား ကျောင်းတွင် ရှာ၍မရချေ။ တနင်္ဂနွေနေ့ည ပြန်လာသောအခါ မေးရာတွင်မှ ပဲခူးသို့ မင်္ဂလာဆောင်ဖိတ်၍ သွားရကြောင်း၊ ပြည်တွင် မည်သူ့သမီး နား ထွင်း၍ သွားရကြောင်းနှင့်တကွ ၎င်းမင်္ဂလာဆောင် နားထွင်းပွဲတို့တွင် တွေ့မြင်ခဲ့ရသမျှ အကြောင်းစုံလင်စွာတို့ကို မိတ်ဆွေများအား ပြန်ကြား ပြောပြ၍ မိတ်ဆွေအပေါင်းမှာ ကိုဖိုး၏အနားမှပင် မခွာချင်အောင် ဖြစ်နေ ကြရရှာလေသည်။

ဤမျှမကသေးချေ။ ညနေခင်းအချိန် ကိုဖိုးနှင့်အတူတကွ ပြည်လမ်း တွင် အညောင်းအညာပြေရန် လမ်းလျှောက်ကြသောအခါတွင်လည်း မော်တော်ကား စီးလာသူ မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ကုလားမှစ၍ ကြီးကြီး

mgyoe.com

mgyoe.com


ငယ်ငယ် မည်သူမဆို ကိုဖိုးသိသူချည်း များလေသည်။ မည်သည့် မော်တော်ကားကို စီးသွားသူသည် အတွင်းဝန်ဖြစ်ကြောင်း၊ ၎င်း၏အမည်မှာ မည်သူမည်ဝါဖြစ်ကြောင်း၊ ပင်စင်ယူရန် နှစ်ပေါင်းမည်မျှပင် ကျန်တော့ကြောင်း၊ ၎င်းသူ ပင်စင်ယူလျှင် မည်သူအား ၎င်းနေရာတွင် ခန့်မည်ဖြစ်ကြောင်း၊ ထို့နောက် အခြားမော်တော်ကားတစ်စီး ဖြတ်သွားပြန်လျှင်လည်း ၎င်းအထဲတွင် စီးသွားသူ ကုလားကြီးသည် ရန်ကုန်တွင် အလွန်ကြွယ်ဝသည့် သူဌေးဖြစ်ကြောင်း၊ မည်သူနှင့် အမွေမှုဖြစ်၍ ရှုံးသွားသဖြင့် ငွေဘယ်နှသိန်းထုတ်ပေးလိုက်ရကြောင်း၊ ၎င်းနောက် အခြားမော်တော်ကားတစ်စီး ဖြတ်သွားပြန်လျှင်လည်း ၎င်းအထဲတွင် စီးသွားသော တရုတ်ကြီးမှာ ပြိုင်မြင်း ဘယ်နှကောင်ရှိကြောင်း၊ မည်သည့်နေ့က ၎င်း၏မြင်းနိုင်၍ အငြိမ့်ခံကြောင်း၊ မြင်းစီးသမားအား ငွေတစ်ထောင်ဆုချကြောင်း စသဖြင့် စုံလင်စွာ သတင်းပေးလေ့ ရှိသောကြောင့်လည်း ကိုဖိုးမှာ ကောလိပ်ကျောင်းတွင် တစ်နေ့တခြား နာမည် ကြီးမားလျက်ရှိပေ၏။

ဤမျှလောက် အပြင်အပအလုပ်များကို အရေးစိုက်နေသော ကိုဖိုးမှာ မိမိကျောင်းနှင့်ဆိုင်သည့် အကြောင်းအရာတို့ကို ဂရုစိုက်ရန်ပင် အချိန်ရသေး၏လောဟု တွေးတောဖွယ်ရာ ရှိပေသည်။ ကျွန်တော်တို့၏ ကိုဖိုးမှာ မိမိ၏ကျောင်းအကြောင်းကိုလည်း အထူးအရေးယူသူတစ်ဦးဖြစ်ပေသည်။ ဆရာမည်သူနှင့် ၎င်း၏မယား ထမင်းပွဲတွင် ခိုက်ရန်ဖြစ်ပွားကြ၍ ပန်းကန်တွေ ခွဲပစ်လိုက်ကြောင်း၊ မည်သည့်ဆရာသည် စာမေးပွဲများ၌ အလွန်ခက်သော မေးခွန်းတို့ကိုသာ ရွေးချယ်ပြီး မေးတတ်ကြောင်း၊ ဆရာမည်သူသည် လူပျိုကြီးဖြစ်ကြောင်း၊ နောင်ကိုလည်း သားမယားယူရန် စိတ်မကူးတော့ကြောင်း၊ အစမ်းစာမေးပွဲနီးသောအခါ၌လည်း မည်သည့်ဆရာသည် မည်သည့်ဘာသာကို မေးခွန်းထုတ်မည်ဖြစ်ကြောင်း၊ ၎င်းဆရာသည် မည်ကဲ့သို့သော မေးခွန်းများကို ထုတ်တတ်ကြောင်း၊ ဆရာမည်သူသည် မယားငယ်ငယ်ကလေးကို ယူမည်ဟု ပြောနေကြောင်း၊ ဆရာကြီးနှင့် မည်သည့်ဆရာသည် များစွာ အကျွမ်းဝင်ကြောင်း၊ ဆရာမည်သူ၏ မော်တော်ကားမောင်းသမားမှာ လခ မည်မျှရကြောင်း၊ ဆရာမည်သူသည် မယားအား များစွာကြောက်ရကြောင်း၊ (ဘာဇာ)သည် ကျောင်းသားများအား အလွန်ဆူတတ်

mgyoe.com

mgyoe.com


ကြောင်း စသည်များကိုလည်း ပြောကြားသတင်းပေးနိုင်သူတစ်ဦး ဖြစ်ပေသည်။

ဤမျှလောက် တတ်သိနေသော ကိုဖိုးမှာ မတတ်ဟူသော၊ မသိဟူသော အကြောင်းရှိသေးသလော ဟူ၍ပင် မေးဖွယ်အကြောင်းရှိပေသည်။ အချို့က ကိုဖိုးမှာ ခင်ကြီးဖျော်ကဲ့သို့ (မ) တစ်လုံးကျေသော ပုဂ္ဂိုလ်ဟူ၍ပင် အထင်ရောက်ကြလေသည်။ သို့သော် ကိုဖိုးမှာ ၎င်းတို့ထင်သကဲ့သို့ မဟုတ်၊ မသိသောအချက်များ ရှိပေသေး၏။ မိမိအတန်းသားအချင်းချင်းဖြစ်သူ တစ်စုံတစ်ယောက်က အကြောင်းမညီညွတ်၍ ကျောင်းမတက်နိုင်သောကြောင့် ကိုဖိုးထံ လာရောက်၍ ထိုနေ့တွင် မည်သည့်စာကိုသင်ကြောင်းနှင့် မေးမြန်းသောအခါ ကိုဖိုးမှာ ခေါင်းကို လက်ဖြင့် သုံးလေးကြိမ် ကုတ်ပြီး စဉ်းစားပါသော်လည်း နေ့ခင်းက မည်သည့်စာသင်မှန်း သတိမရ၍ မဖြေကြားနိုင်ဘဲ အခက်အခဲနှင့် တွေ့ကြုံရရှာပေ၏။ မိမိတို့ သင်ကြားနေရသော စာအုပ်များတွင် မည်သည့်အကြောင်းကို မည်သည့်နေရာတွင် ရှာရမည်နည်းဟူ၍ မေးမည်ဆိုပြန်လျှင်လည်း ကိုဖိုးမှာ မဖြေနိုင်သဖြင့် ချွေးပြိုင်ပေါက်ကျရရှာ၏။ တစ်နှစ်ပတ်လုံး မိတ်ဆွေအများကို မိမိအခန်း၌ ဧည့်ခံနေရသည့်အတွက် အဘယ်မှာလျှင် မိမိကျက်မှတ်ရမည့် စာအုပ်များကို ဖွင့်လှစ်ရန် အချိန်ရရှိနိုင်ပါအံ့နည်း။ စာမေးပွဲလည်း တစ်စတစ်စ နီး၍ နီး၍လာလေ၏။ ကိုဖိုး မဖတ်ရသေးသော စာအုပ်များလည်း များစွာကျန်ပေသေး၏။ အကျွမ်းဝင်သော မိတ်ဆွေတို့က စာမေးပွဲနှင့်ဆိုင်သော အကြောင်းအရာတို့ကို မေးမြန်းစုံစမ်းသောအခါ၌လည်း ကိုဖိုးမှာ တစ်လုံးမျှ မဖြေကြားနိုင်ဘဲ လက်မှိုင်ကျရရှာလေ၏။ ထိုအခါ မိတ်ဆွေများက အချင်းချင်း အချင်းချင်း 'နေရာတကာတွင် သိသော ကိုဖိုးမှာ အကျိုးနည်းလေပြီတကား' ဟူ၍ တီးတိုးစကား ပြောကြားကာ ပြုံးရယ်ကြလေ၏။ အချို့ကလည်း များစွာ ကရုဏာသက်ကြလေ၏။

ကျောင်းသားများ၏မိတ်ဆွေကြီး ကိုဖိုးမှာ အဟုတ်ပင် အကျိုးနည်းတော့ မည်လော။ အဘယ်သို့ ကြံမည်နည်း။ ဤမျှလောက် သိတတ်ခြင်း အရင်းခံရှိသော ပုဂ္ဂိုလ်ကြီးအား စာမေးပွဲတည်းဟူသော အမှောင်ကလာ၍ ဖုံးအုပ်နိုင်ပါမည်လော။ စာမေးပွဲကျင်းပရန် ၁၅ ရက်ခန့်သာ လိုသောအခါ

mgyoe.com

mgyoe.com


ကိုဖိုးမှာ ပုထုဇဉ်ဖြစ်သည့်အလျောက် စာမေးပွဲကို ကြောက်စပြုလာလေ၏။ စာဖတ်ရန် စာအုပ်ကို ဖွင့်ပါသော်လည်း သတင်းအမျိုးမျိုးကို သိလိုကြားလိုသူများက မပြတ်မလတ်သာ လာနေကြသောကြောင့် စာကျက်ရန် အချိန်မရနိုင်အောင်ပင် ဖြစ်နေရရှာလေ၏။ တစ်နေ့၌ ကိုဖိုးတွင် အကြံတစ်ခုရလာ၏။ ထိုနေ့မှစ၍ နံနက်ထမင်းစားသောက်ပြီးသည်နောက် ကိုဖိုးပျောက်သွားလေ၏။ သတင်းစကား ကြားလိုသူများလည်း ကိုဖိုးအား ရှာ၍မတွေ့သောကြောင့် စိတ်ပျက်ပျက်နှင့် ပြန်ကြွသွားရရှာလေ၏။ ကိုဖိုးမှာ လူခြေတိတ်မှ မိမိအခန်းသို့ ရောက်လာပြီးလျှင် ဖယောင်းတိုင်ထွန်းကာ နံနက် လေးနာရီထိုးသည့်တိုင်အောင် စာကျက်လေ့ရှိ၏။ ထို့နောက် ထမင်းစားသောက်ပြီးပြန်လျှင် ပျောက်သွားပြန်၏။

ဤနည်းအတိုင်းပင် တစ်နေဝင်တစ်နေထွက်နှင့် ၁၂ ရက်၊ ၁၃ ရက် ကုန်လွန်ခဲ့လေ၏။ ကိုဖိုးမှာလည်း နဂိုက ပိန်ရသည့်အထဲတွင် အိပ်ပျက်လှသည်နှင့် အရိုးပေါ် အရေတင်ရုံကလေးသာ ကျန်တော့သည်ကို တွေ့မြင်သူတိုင်း ကရုဏာသက်မိကြလေ၏။ ဦးခေါင်းကို ဆင်နင်းသည်ဟု အိပ်မက်သည်မှာလည်း မကြာမကြာ ဖြစ်၏။ တစ်ခါတစ်ခါလည်း ခွေးနက်ကြီးတွေ လိုက်၍ ပြေးရသည်ဟု အိပ်မက်ပြီးလျှင် လန့်၍ အိပ်ရာမှ နိုးရလေ၏။ ထိုအခါ ကိုဖိုးမှာ စာမေးပွဲအတွက် အတိတ်နိမိတ်တွေဖြစ်ကြောင်းကို ရိပ်မိသဖြင့် အိပ်ရာထဲတွင် ချွေးတလုံးလုံးနှင့် ရှိနေရရှာ၏။ တစ်ခါတစ်ခါလည်း ရှေးက စာမကျက်ခဲ့သည်မှာ ငါမိုက်လေသည်တကားဟု ညည်းညူကာ နောင်တရလျက် ရှိနေရှာလေ၏။ အိပ်ရာဝင်တိုင်း၊ နံနက် အိပ်ရာမှထတိုင်း ဘုရားရှိခိုးစပြုလာလေ၏။ စာမေးပွဲအောင်ရန်ကိုလည်း ဆုတောင်း၏။ ရွှေတိဂုံဘုရားသို့လည်း မကြာမကြာ သွားလေ၏။ နေ့တွေ ကုန်လွန်သည်မှာ အလွန်မြန်သည်ဟု ထင်မှတ်လေ၏။ တစ်နေ့ ကုန်လွန်သွားသောအခါ ကိုဖိုးစိတ်ထဲတွင် တစ်နာရီခန့်သာ ကုန်သည်ဟု ထင်မှတ်မိပေ၏။ နေကို ဆွဲထားနိုင်သော လောကစာတ်ဆရာကြီးများ ပေါ်ပေါက်လာရန် တောင့်တ၏။ အချိန်ဆိုသော အရာသည်ကား မည်သူ့ကိုမျှ မျက်နှာမလိုက်၊ မိမိသွားမြဲတိုင်း လမ်းဖြင့်သာ ဖြောင့်တန်းစွာ သွားလျက်ရှိပေ၏။

စာမေးပွဲကျင်းပသောနေ့ ရောက်လာသောအခါ ကိုဖိုးလည်း ဘုရား

mgyoe.com

mgyoe.com


ရှိခိုးပြီး စာမေးပွဲအောင်ရန် များစွာ ဆုတောင်း၏။ စာမေးပွဲဖြေဆိုပြီးသည်နှင့်တစ်ပြိုင်နက် မည်သူ့ကိုမျှ နှုတ်မဆက်ဘဲ မိမိနေရပ်သို့ ပြန်သွားလေ၏။ စာမေးပွဲအောင်စာရင်းများ ထွက်လာသောအခါ ကိုဖိုးအမည်ကို ကောင်းစွာ တွေ့မြင်ကြရပေ၏။ ကိုဖိုးအား ကရုဏာသက်သော ပုဂ္ဂိုလ်တို့၏ အမည်များကား ၎င်းစာမေးပွဲအောင်စာရင်းတွင် အလျှင်းမပါလာချေ။ စာမေးပွဲမကျင်းပမီ ၁၅ ရက်ခန့်အခါတွင် ကိုဖိုးအား ကောလိပ်ကျောင်း လေ့အသင်းရုံတွင် စာအုပ်တွေ တစ်ပုံကြီးနှင့် တွေ့ရကြောင်း မိတ်ဆွေများပြောကြားမှ စာမေးပွဲမလုပ်မီ ကိုဖိုး နေ့ခင်းအချိန် ပျောက်ပျောက်သွားသည်မှာ အခန်းထဲတွင် စာမကျက်ရ၍ လေ့အသင်းရုံတွင် တိမ်းရှောင်ကာ စာကျက်ရကြောင်းကို သိရလေသည်။ ဤနည်းအတိုင်း ကိုဖိုးလည်း ဘီအေစာမေးပွဲကို ကောင်းစွာ အောင်မြင်ခဲ့လေသတည်း။

ကိုဖိုးပြောသမျှ သတင်းစကားတို့မှာ အမှန်ချည်းဖြစ်ပါမည်လောဟု စောဒကတက်လိုသူများလည်း ရှိကောင်းရှိပေလိမ့်မည်။ စာရေးသူကိုယ်တိုင်ပင်လည်း စိတ်ကူးထဲတွင် စောဒကတက်မိ၏။ ကိုဖိုး ဘီအေစာမေးပွဲကို ဝင်ခါနီး နှစ်ရက်ခန့်အခါတွင် ကိုဖိုးနှင့် လွန်စွာ ချစ်ခင်သော မိတ်ဆွေနှစ်ယောက်တို့သည် ကိုဖိုးအား နှောက်ရန် ကြံစည်နေကြလေ၏။ ကိုဖိုးမှာလည်း စာမေးပွဲက နီးကပ်နေပြီဖြစ်သောကြောင့် ညဥ့်နက်သန်းခေါင်ဖယောင်းတိုင်ထွန်းကာ စာကျက်နေရရှာလေ၏။ ထိုသို့ ကိုဖိုး စာကျက်နေသော သန်းခေါင်အချိန်၌ ယခင် တိုင်ပင်ထားသူ နှစ်ယောက်အနက် တစ်ယောက်သောသူက ကိုဖိုးအခန်းသို့ သွားပြီးလျှင် ကိုဖိုးအား တကောင်းကျောင်းတွင် ဖယောင်းတိုင်ထွန်း၍ စာကျက်နေသူ ကျောင်းသားတစ်ယောက်အား ဆရာကြီး မြင်သွားသဖြင့် များစွာ ဆူကြောင်း၊ ထို့ကြောင့် ကိုဖိုးလည်း ဖယောင်းတိုင်ထွန်းပြီး စာမကျက်သင့်ကြောင်းကို ပြောကြားသောအခါ ကိုဖိုးမှာ အံ့အားသင့်၍ မီးမှုတ်ကာ အိပ်ရရှာလေ၏။ နောက်တစ်နေ့တွင် ကျောင်းသားတစ်ယောက် ဖယောင်းတိုင်ထွန်း၍ စာကျက်သောကြောင့် ဆရာကြီး မိသွားသဖြင့် ဆူကြောင်း သတင်းစကားသည် တစ်ကျောင်းလုံး ပျံ့နှံ့သွားလေ၏။ တစ်ယောက်ကိုတစ်ယောက် ဤသတင်းမည်သူ့ထံမှ ကြားသနည်းဟု မေးသောအခါ ကိုဖိုးထံမှ ကြားသည်ဟု ပြော

mgyoe.com


mgyoe.com


ကြ၏။ ကိုဖိုးပြောသော သတင်းဖြစ်မှုကား ကေန်မှန်ရမည်ဟူ၍ ပြောဆိုကာ ထိုနေ့မှစ၍ မည်သူမျှ ဖယောင်းတိုင်ထွန်းကာ စာကျက်ဝံ့တော့သည်မဟုတ်ချေ။ ထိုအခါ တိုင်ပင်ထားကြသော မိတ်ဆွေနှစ်ယောက်လည်း တစ်ယောက်ကိုတစ်ယောက် တို့ကာ ပြုံးရယ်ကြလေ၏။

မှတ်ချက် ။ ။ ကိုဖိုးမှာ ပြည်ဟောလ်တွင် သုံးနှစ်တိုင်တိုင်နေသောသူဖြစ်သောကြောင့် ပြည်သားဟူ၍ ထင်မှတ်ဖွယ်ရှိ၏။

ယူနိဘာစိတီကောလိပ်မဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၂၈။

mgyoe.com



mgyoe.com

mgyoe.com

# အိုင်စီအက်စ်

မောင်သာဝသည် လောကရေးတွင် ကျွမ်းကျင်သလောက် ပညာရေးတွင် နောက်ကျဖြစ်လျက်နေ၏။ ဥပစာ အထက်တန်းတွင် နှစ်ကြိမ်မျှ ကျခဲ့ဖူး၏။ ဝိဇ္ဇာအောက်တန်းတွင်မူကား တစ်နှစ်တည်းနှင့် အောင်မြင်ခဲ့သော်လည်း ဆရာများက သနားသောကြောင့် အတန်းတင် ပေးလိုက်သည်ဟူ၍ တီးတိုး စကားပြောကြသည်ကို ကြားသိရလေသည်။ ဝိဇ္ဇာအထက်တန်းတွင် နှစ်ကြိမ်မျှ ကျဆုံးပြန်၏။ သုံးကြိမ်မြောက် စာမေးပွဲကို ဖြေဆိုပြီးသောအခါ "မအောင်ပါဘူး" ဟူ၍ စိတ်ကိုတုံးတုံးချကာ အိမ်သို့ ပြန်သွားလေသတည်း။ သို့သော် ကုသိုလ်ကံ ကောင်း၍ နတ်ကောင်းများ မ,လျှင် အောင်ချင်အောင်လိမ့်မည် ဟူ၍ကား တစ်ခါတစ်ခါ အောက်မေ့မိ၏။ (စာမေးပွဲဝင်ပြီးသောအခါ အောင်လိမ့်မည်ဟူသော မျှော်လင့်ချက်ကင်းသည့် ကျောင်းသားကား အဘယ်မှာလျှင် ရှိပါအံ့နည်း။)

အောင်စာရင်းများ ထွက်ချိန်နီးသောအခါ မိမိ ကျဆုံးသည်ဟူသော သတင်းကို ကြားရမည်စိုးသောကြောင့် သတင်းစာ မရောက်နိုင်သော တောရွာကလေးတစ်ရွာတွင် နေထိုင်သည့် မိမိဦးလေးတစ်ယောက်၏အိမ်၌ သွားရောက်နေထိုင်၏။ တစ်နေ့သော် မိမိ၏ ဖခင်ထံမှ စာတစ်စောင်ရောက်လာ၍ ဖွင့်ပြီးဖတ်လိုက်ရာ မိမိ စာမေးပွဲအောင်မြင်ကြောင်းကို သိရလေသတည်း။ ဝမ်းသာလုံးဆို့နေသောကြောင့် ထိုနေ့တစ်နေ့လုံး အစားအသောက် အနည်း

mgyoe.com

mgyoe.com


ငယ်ကိုမျှ မစားသောက်နိုင်။ တစ်ညလုံးလည်း တစ်ရေးမျှ မအိပ်နိုင်ဖြစ်လေသည်။ လေထဲတွင် တိုက်အိမ်ဆောက်နေသည်မှာ မကြာမကြာဖြစ်လေသည်။

အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်မှာ လောက၏ ဓမ္မတာဖြစ်သောကြောင့် ဝမ်းမြောက်ခြင်းနောက် စိုးရိမ်ပူပန်ခြင်းတို့ ရောက်လာတတ်လေသည်။ ကျောင်းသားဘဝတုန်းက စာမေးပွဲအတွက်သာ ပူပန်ရ၏။ ယခုမူကား ဝိဇ္ဇာစာမေးပွဲကို အောင်မြင်ခြင်းဖြစ်သောကြောင့် အလုပ်အကိုင်အတွက် ပူပန်ရပြန်လေသည်။

ရှေးဦးစွာ အိုင်စီအက်စ် စာမေးပွဲဝင်ရန် စိတ်ကူး၏။ မိမိနှင့်အတူတူဝင်မည့်သူများနှင့်စာလျှင် မိုးနှင့် မြေကြီးလောက် ပညာအခြေခံ ကွာခြားနေသည်ကို သိသဖြင့် ထိုစိတ်ကူးမှာ လွင့်ပါး၍သွားလေသည်။

ထို့နောက် ဘီစီအက်စ် စာမေးပွဲကိုဝင်ရန် စိတ်ကူးထုတ်ပြန်၏။ ထိုစာမေးပွဲတွင်လည်း သူများနောက်မှာ ကျန်ရစ်မည်ကိုသိသဖြင့် လက်လျှော့ပြန်၏။ မြို့အုပ်စာမေးပွဲမှာမူကား မိမိထက် နိမ့်လွန်းသည်။ ရုံးစာရေးများနှင့် ဥပစာတန်းသမားတို့၏အရာသာ ဖြစ်၏။ ပုလိပ်လုပ်ရမှာကလည်း စားပြဖမ်းရမည်ကို ကြောက်လေသည်။ ယစ်မျိုးဝန်ထောက်အလုပ်မှာ ပုလိပ်အလုပ်ထက်ပင် ကြောက်စရာကောင်းသေး၏။ ဝိဇ္ဇာတန်းအထိ ပညာသင်သည်မှာ ယစ်မျိုးဘက်ဝင်ရန် မဟုတ်ပေ။ မင်းသားကဲ့သို့ ကြော့ကြော့နေရန် ဖြစ်သည်။ အမြတ်တော်ကြေးဘက်တွင် ဝင်ရန်၊ သူဌေးများနှင့် ရန်သူဖြစ်မည်ကို စိုး၏။ မီးရထားဘက်တွင် တိုးရန် ခပ်ခက်ခက်၏။ မဟာဝိဇ္ဇာတန်းတက်ရန် စိတ်မရှိ။ ဆရာလုပ်လိုသူတို့သာ မဟာဝိဇ္ဇာတန်းကို တက်ကြလေသည်။ မိမိကား ဆရာ မလုပ်လို။ လခနည်းသည်။ နောက်ဆုံး၌ ဘီအယ်လ်အတန်းတက်ရန် စိတ်ကူးပြန်လေသည်။ သို့သော် မြန်မာပြည်၌ ဝတ်လုံတော်ရတို့မှာ လိုသည်ထက် ပို၍နေလေပြီ။ တရားမ ဝန်ထောက်အလုပ်ကို စောင့်စားနေသူတို့မှာလည်း မနည်းပေ။

ထိုများလှစွာသော အခက်တကာ့ထက် ခက်သော အခက်ကား မိမိ၏နေရပ်တွင် မိမိ ချိန်ထားသော မတင်လှကလေးအတွက် ဖြစ်လေသည်။ မတင်လှကလေးသည် ရုပ်ချော၏။ သဘောကောင်း၏။ ဥစ္စာ ပေါ၏။

mgyoe.com

mgyoe.com

အပြောပါ၏။ အသံသာ၏။ အကျင့်စာရိတ္တမှာ ဆိုစရာမရှိ၊ လိမ်လည်းလိမ္မာ၏။ မတင်လှကလေး မိမိအပေါ် စိတ်ညွတ်နေမှန်းကိုလည်း သိ၏။ မတင်လှ အဖေ ဦးသာဆောင်း၌ လယ်ယာဧကပေါင်း ၄၀၀၀ ကျော် ရှိကြောင်းကိုလည်း ကောင်းကောင်းသိရ၏။ မတင်လှကို ရလျှင် လောကတွင် သိဒ္ဓိမြောက်ပေပြီ။ သို့သော် သူဌေးကြီးကမူကား မိမိ၏သမီးအား အိုင်စီအက်စ်ကလွဲလျှင် မည်သူနှင့်မျှ မပေးစားဘူးဟူ၍ ဆုံးဖြတ်ထားလေသည်။ ထိုအကြောင်းကို မောင်သာဝ ကောင်းကောင်းသိသောကြောင့် စိတ်အပျက်ကြီးပျက်ပြီးလျှင် သူဌေးကြီး မြန်မြန် သေရန်ကိုသာ ဆုတောင်း၏။ သူဌေးကြီးမှာလည်း အသက် ၅၀ သာ ရှိသေးသောကြောင့် သေရန် အနည်းဆုံး ၁၅ နှစ်စောင့်ရပေမည်။ ကြာလှ၏။ မစောင့်နိုင်။ မတင်လှအား ခိုးပြေးရမှာကလည်း မိမိ၏ ရည်းစား မဟုတ်။ အခက်ကြီးပါတကား။

ဤသို့ တွေးရင်းတွေးရင်းနှင့်ပင် တစ်လ ကုန်လွန်ခဲ့၏။ ထို့နောက်နှစ်လ၊ သုံးလ စသဖြင့် အစဉ်အတိုင်း လတွေကုန်လွန်ခဲ့သော်လည်း လေထဲတွင် တိုက်အိမ်ဆောက်တုန်းပင် ရှိသေး၏။ ထိုအခါ အကြံအစည်ကောင်းများ ရလိုရငြား ပုပ္ပားတောင်သို့ အလည်အပတ်သွားလေသည်။ ပုပ္ပားတောင်ရှိ နတ်စင်များတွင် မိမိအား အကြံအစည်ကောင်းများ ပေးပါရန် စားဖွယ် သောက်ဖွယ်တို့ကို တင်မြှောက်၏။ ပုပ္ပားတောင်မှ ပြန်လာသောအခါ ယခင်စိတ်ကူးမျိုးကို မကူးတော့ချေ။ အကြောင်းမူကား ပုပ္ပားတောင်မှ အကြံအစည်ကောင်းတစ်ခုကို ရလာသောကြောင့်ပေတည်း။ စိုးရိမ်ပူပန်ခြင်းစိတ်လည်း တစ်စတစ်စ ပျောက်ပ၍ သွားကြလေသည်။

ကောလိပ်ကျောင်း ပြန်၍ဖွင့်သောအခါ မောင်သာဝသည် အမ်အေနှင့် အမ်အက်စီအတန်းများကို တက်ရန် နာမည်သွင်းထား၏။ သို့သော် စာအုပ်တစ်အုပ်ကိုမျှလည်း မဝယ်။ စာသင်ခန်းသို့လည်း တစ်ခါတစ်ခါ လမ်းမှား၍သာ ရောက်လာလေသည်။ မိမိ၏နေရပ်သို့ မကြာမကြာ ပြန်ပြီးလျှင် မိမိ အိုင်စီအက်စ်စာမေးပွဲဝင်မည့်အကြောင်း၊ ယင်းစာမေးပွဲတွင် အနည်းဆုံး ဒုတိယရမည့်အကြောင်း၊ မကြာမီ အရေးပိုင်ဖြစ်တော့မည့်အကြောင်းတို့ကို သတင်းလွှင့်လေ၏။ သူဌေးကြီး ကြားလောက်အောင်လည်း မိမိအရေးပိုင်လောင်း ဖြစ်ကြောင်းကိုလည်း ခပ်ကျယ်ကျယ် ပြောကြားလျက်

mgyoe.com

mgyoe.com


နေသတည်း။

ဤသတင်းကိုကြားရသောအခါ သူဌေးကြီးမှာ မောင်သာဝအား သမက်ဖမ်းလိုသောဆန္ဒ ပေါ်၍လာ၏။ မောင်သာဝ မိမိ၏သမက်ဖြစ်လျှင် မိမိအရေးပိုင် ယောက္ခမဘဝသို့ မပင်ပန်းဘဲ ရောက်ရပေမည်။ ဤ သမက်မျိုးကိုရလျှင် ကြွားလိုက်မည်၊ မော်လိုက်မည် ဟူ၍လည်း စိတ်ကူး၏။ မိမိ အိမ်နားတွင်နေသော ဦးဖိုးထောင်သည် သမက် မြို့အုပ်ဖြစ်ရုံနှင့် အလွန် ဝါကြွား၏။ မောက်မာ၏။ ရိုင်းစိုင်း၏။ အရေးပိုင်ယောက္ခမသည် မြို့အုပ် ယောက္ခမထက် ပို၍ ဂုဏ်ရှိ၏။ ဦးဖိုးထောင်၏ မာန်စွယ်ကို ချိုးဖွဲ့မည်ဟူ၍ လည်း ကြုံးဝါး၏။ "အရေးပိုင်ယောက္ခမ၊ အရေးပိုင် ယောက္ခမ" ဟူ၍လည်း မိမိအား သူတကာက ခေါ်နေပြီဟူ၍ပင် မကြာမကြာ အိပ်မက်လေသည်။

ဤသို့သော စိတ်ကူးတို့၏အကြားတွင် စိုးရိမ်သော စိတ်များ ပေါ် ပေါက်လာလေ့ရှိ၏။ အကယ်၍ မောင်သာဝ အရေးပိုင်ဖြစ်သွားလျှင် ရန်ကုန် သူ အစရှိကြသော မြို့ကြီးသူ အပျိုကညာတို့က ခနေပိုက်ကွန်၊ ရူပါရုံပိုက် ကွန်၊ အင်္ကျီပါး ပိုက်ကွန် အစရှိသော ပိုက်ကွန်တို့ဖြင့် မောင်သာဝအား ထောင်ဖမ်းကြမည်ကိုလည်း စိုးရိမ်မကင်း ဖြစ်မိလေသည်။ သူတကာ မဦးမီ မိမိက ဦးထားရန် ကြံစည်လေသည်။ ကြံစည်သည့်အတိုင်းလည်း စကား ကမ်းလှမ်း၏။ စကားကမ်းလှမ်းသည့်အတိုင်းလည်း အထမြောက်လေ သည်။ မျှားမကြာမီတွင် အရေးပိုင်လောင်း မောင်သာဝနှင့် မတင်လှတို့၏ မင်္ဂလာဆောင် ဖိတ်ကြားစာများကို မိတ်ဆွေအပေါင်းတို့ ရကြလေသတည်း။

မင်္ဂလာဆောင်ပြီးသည့်နေ့မှ အစပြု၍ မောင်သာဝ တက္ကသိုလ် ကျောင်းသို့ ပြန်မရောက်တော့ပြီ။ စာအုပ်များကိုလည်း ယောင်၍မျှမဖတ်၊ ယောက္ခမ၏အိမ်၌ မတင်လှကလေး၏အချစ်တည်းဟူသော အလင်းရောင် တွင် ဝင်းပြောင်လျက်နေလေသတည်း။

သူဌေးကြီး ဦးသာဘေးကမူကား မိမိ၏သမက်အား မကြာမကြာ သတိပေးလေ့ရှိသည်။ ထိုအခါ မောင်သာဝက မိမိမှာ အခြေခံပညာရှိပြီးသား ဖြစ်သောကြောင့် စာမဖတ်သော်လည်း အိုင်စီအက်စ်စာမေးပွဲတွင် ပထမ ရရန် မခဲယဉ်းဟု ပြန်ပြောလေသည်။

အိုင်စီအက်စ် စာမေးပွဲကို ကျင်းပရန် နှစ်ရက်၊ သုံးရက်ခန့် သာ လို

mgyoe.com

mgyoe.com

သောအခါ မတင်လှသည် မိမိ၏ဖခင်ထံ ကပ်ပြီးလျှင် မိမိ၏ခင်ပွန်း မောင်သာဝ စာမေးပွဲဝင်လျှင် ပထမရမည် မုချဖြစ်ကြောင်း၊ စာမေးပွဲအောင်လျှင် ဘိလပ်သို့ သွားရမည်ဖြစ်ကြောင်း၊ မိမိ၏ခင်ပွန်းနှင့် ခွဲနေရလျှင် မိမိမှာ စိတ်ဆင်းရဲခြင်းကြီးမက ဆင်းရဲရမည့်အကြောင်း၊ မိမိတို့လက်တွင်လည်း ဥစ္စာပစ္စည်း ပေါများပြီးဖြစ်သောကြောင့် အစိုးရအမှုထမ်းအလုပ်မှာ ရှက်စရာပင်ကောင်းကြောင်း၊ သို့ဖြစ်၍ မောင်သာဝအား ဖခင်က စာမေးပွဲမဝင်ရန် နားချပေးပါမည့်အကြောင်း ခခယယ မျက်ရည်စကလေးနှင့် တောင်းပန်ရှာသည်။ သူဌေးကြီးမှာ အရေးပိုင်ယောက္ခမ ဖြစ်လို၏။ သို့သော် မိမိ၏ သမီးလေး စိတ်ဆင်းရဲရမည်ကိုကား အနည်းငယ်မျှ မကြည့်နိုင်သောကြောင့် မောင်သာဝအား စာမေးပွဲ မဝင်ရန်အကြောင်း ပြောကြားပေးပါမည်ဟု ဝန်ခံလိုက်ရရှာလေသတည်း။

သမီးတောင်းပန်ချက်အရ သမက်ကို ခေါ်၍ အိုင်စီအက်စ်စာမေးပွဲ မဝင်ရန်အကြောင်း ဖျောင်းဖျကာ ပြောဆို၏။ မောင်သာဝမှာ မိမိယခင်က စီမံထားသည့်အတိုင်းပင် ဖြစ်သည်ဟူ၍ ဝမ်းမြောက်လှသော်လည်း ယင်းဝမ်းမြောက်ခြင်းကို အပြင်သို့ မထွက်စေဘဲ စာမေးပွဲ မဝင်ရသည့်အတွက် ဝမ်းနည်းသောမျက်နှာထားနှင့် မိမိ စာမေးပွဲဝင်လျှင် ပထမရမည်မှာ မုချဖြစ်ကြောင်း၊ သို့သော် လူကြီးများ၏စကားကို မလွန်ဆန်လို၍ဆိုကာ စာမေးပွဲ မဝင်ရန် ကတိကို ပေးလိုက်လေသတည်း။

ထိုနေ့မှစ၍ မတင်လှနှင့် အတူတကွ ရှင်ပျူစွာနေ၏။ လယ်ဧကပေါင်း ၄၀၀၀ ကျော်မှရသော မြေဆီ မြေခတို့ကိုလည်း မိမိလင်မယားနှစ်ယောက် သုံးစားကြရလေသည်။

ဤနည်းအားဖြင့် မောင်သာဝသည် အိုင်စီအက်စ် ထက်ကောင်းသော စည်းစိမ်ကြီးကို ခံစားရလေသတည်း။

ဂန္ထလောက၊ ဒီဇင်ဘာ၊ ၁၉၂၉။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## စာမေးပွဲ

ဘာစာမေးပွဲလဲ။ ဘာစာမေးပွဲမှ မဟုတ်။ စာမေးပွဲ အားလုံးကို ဆိုလိုသည်။ စာမေးပွဲသည် စာမေးပွဲဝင်သူတို့၏ ရန်သူဖြစ်၏။ ရန်သူမျိုးငါးပါးရှိရာတွင် ရေနှင့် မီးတို့သည် အသက်မရှိသော ရန်သူများ ဖြစ်ကြ၏။ မင်း၊ ခိုးသူ၊ မချစ် မနှစ်သက်သောသူတို့သည် အသက်ရှိကြသော ရန်သူများ ဖြစ်ကြ၏။ ဤစာမေးပွဲသည်လည်း ရေနှင့် မီးတို့ကဲ့သို့ အသက်မရှိသော ရန်သူတစ်မျိုး ဖြစ်လေသည်။ သို့သော် ရေနှင့် မီးတို့သည် လူတကာနှင့် ဆိုင်၏။ စာမေးပွဲကား စာမေးပွဲဝင်သူတို့နှင့်သာ ဆိုင်လေသည်။ (ဤကား ခြားနားခြင်းပေတည်း။)

ရေ၊ မီး၊ မင်းတို့သည် မိမိတို့အားလုံး အသုံးချတတ်လျှင် လူတို့၏ အကျိုးကို ကောင်းကောင်း ဆောင်တတ်၏။ တိုင်းပြည်အတွင်း အနှောင့်အယှက် မရှိ။ စိတ်အေးချမ်းသာစွာ လုပ်ကိုင်စားသောက်နေကြရသည်မှာ မင်း၏ ကျေးဇူးဖြစ်၏။ မင်းမရှိလျှင် လူဆိုးလူမိုက်တို့၏ နိုင်ထက်ကလူပြုခြင်းကို ခံရကြမည်ကား မလွဲတည်း။ မင်းမရှိသော တိုင်းပြည်သည် မတင့်တယ်ဟု လူကြီးတို့ ထားခဲ့သော စကားသည် မှန်၏။

ရေနှင့်မီးတို့သည်လည်း ထိုနည်းအတူ ဖြစ်၏။ မီးရထား၊ မီးသင်္ဘောတို့ကိုပင် ကြည့်ပါတော့။ မီးရထား၊ မီးသင်္ဘောတို့ကို ထားလိုက်ပါဦး။ မသုံးလျှင် ဖြစ်သေး၏။ ရေကို သုံးရက်ခန့် မည်သူမျှ သပိတ်မှောက်နိုင်မည်

mgyoe.com

mgyoe.com


မဟုတ်။ တစ်ယောက်ကောင်း၊ နှစ်ယောက်ကောင်း ရှိချင် ရှိပေလိမ့်မည်။ သို့ရာတွင် ၎င်းတို့အား မစဉ်းစားပြီ။ ထို မင်း၊ မီး၊ ရေတို့ကို မကြောက်ပြန်လျှင် မှောက်ပေလိမ့်မည်။ ထို့ကြောင့် ၎င်းတို့အား ရန်သူဟူ၍ ခေါ်သည် မဟုတ်ပါလော။

ဤဆိုခဲ့ပြီးသော မင်း၊ မီး၊ ရေတို့ကဲ့သို့ စာမေးပွဲတည်းဟူသော ရန်သူကြီးသည် မိမိအား အသုံးချတတ်လျှင် စာမေးပွဲဝင်သူတို့၏ ကျေးဇူးကို များစွာဆောင်လေသည်။ စာမေးပွဲကို ကောင်းစွာ အသုံးချတတ်သောကြောင့် မြို့အုပ်ဖြစ်သူ ဖြစ်၏။ ဝန်ထောက်ဖြစ်သူဖြစ်၊ အရေးပိုင်၊ မင်းကြီး၊ ဘုရင်ခံ တိုင်အောင် ဖြစ်သူဖြစ်။ ရှေ့နေ ရှေ့ရပ်ဖြစ်သူဖြစ်၏။ ကျောင်းဆရာ၊ ပရိဖက်ဆာ–ပါမောက္ခကြီးတွေ ဖြစ်သူဖြစ်။ ရေတွက်၍ မကုန်နိုင်သောအဖြစ် အမျိုးမျိုး ဖြစ်နိုင်လေသည်။

သို့ရာတွင် စာမေးပွဲကို မကြောက်ပါက ဒုက္ခ ရောက်ပေလိမ့်မည်။ စာမေးပွဲသည် အလွန်ရိုင်းစိုင်းသော သားရဲကြီးနှင့်လည်း တူ၏။ ယဉ်ပါးအောင် ပြုလုပ်နိုင်မှ အတော်ကျလေသည်။ ၎င်းအား မိတ်ဆွေဖွဲ့ရန်လည်း ခဲယဉ်း၏။ ၎င်း၏စိတ်ကိုစုံစမ်းရန်လည်း မလွယ်ကူ။ တစ်ခါတစ်ခါ သဘောကောင်း၏။ တစ်ခါတစ်ခါ ခက်ထန်၏။ တစ်ခါတစ်ခါ သိမ်သိမ်မွေ့မွေ့ ရှိ၏။ တစ်ခါတစ်ခါ ကြမ်းကြမ်းတမ်းတမ်း ရှိ၏။ တစ်နှစ် မိတ်ဆွေ ဖွဲ့၍ရသော်လည်း နောက်တစ်နှစ်တွင် ရချင်မှရလေသည်။

စာမေးပွဲကို ကျောင်းသားတိုင်း၊ စာမေးပွဲ ဝင်သူတိုင်း ကြောက်၏။ စာမေးပွဲကို မကြောက်သော ကျောင်းသားဟူ၍ ရှိမည်မထင်။ "စာမေးပွဲ" ဆိုသောစကားကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ထိတ်၍သွား၏။ ကြောက်၍သွား၏။ လန့်၍သွား၏။ ခေါင်းကိုက်သူက ကိုက်။ စိတ်ညစ်သူက ညစ်။ "စာမေးပွဲ" တည်းဟူသော သားရဲကြီးကမူကား "နင်တို့ နေနှင့်ဦး။ ငါမေးတာ မရရင် စားလိုက်မည်။ ဝါးလိုက်မည်။ ရိုက်လိုက်မည်။ ထုလိုက်မည်" စသည်ဖြင့် ကြိမ်းဝါးဟန်ပြင်ကာ လည်ဆံတင်းတင်း မာန်ပြင်းပြင်း လုပ်နေ၏။

နောက်များ မကြာမီ "စာမေးပွဲ"နှင့် တွေ့ဆုံရန် ဆိုင်ရာက ရက်ချိန်း ပေးလိုက်၏။ ထိုအမိန့်စာကို ကြားသိရသောအခါ "စာမေးပွဲ၏ တံခွန်စိုက်

mgyoe.com


လာပြီတကား” ဟု စိတ်အပျက်ကြီး ပျက်ပြီးလျှင် တွေဝေငေးမှိုင်၍ သွားကြ၏။ ကစားမြူးထူး ဝါသနာပါသူတို့လည်း စိတ်အိုက်၍လာ၏။ အပျင်းနှင့် မိတ်ဆွေဖွဲ့ကာ ပျော်ရွှင်စွာနေသော သူတို့ပင်လည်း ဝီရိယရှိ၍လာ၏။ ရည်းစားအတွက် ရတက်ပွေသူတို့ကလည်း တစ်ပူပေါ် နှစ်ပူဆင့်ပြီဟု ထင်မှတ်ကြ၏။ ကျောင်းသားအားလုံး၏ ကြည်လင်သော စိတ်တို့သည် တိမ်ဖုံးသော လမင်းကဲ့သို့ မှိန်၍ သွား၏။

ညဥ့်နက်သန်းခေါင်တိုင်အောင် စာကျက်စပြုလာကြ၏။ ကစားမြူးထူးနေရင်း စာမေးပွဲအကြောင်း သတိရလျှင် စိတ်ပူ၍လာ၏။ ရေနွေးအိုးကြီး မိမိတို့၏ နှလုံးအတွင်း၌ ဆူပွက်နေသည်ဟူ၍လည်း ထင်မှတ်ကြ၏။ အိပ်မပျော်မီအတွင်း စာမေးပွဲအကြောင်း တရေးရေး တွေးတောကာ အိပ်ရာထဲတွင် တကြောင်ကြောင်နေ၏။ အိပ်ပျော်သွားပါကလည်း “စာမေးပွဲနေ့တွင် ကျောင်းအရောက် နောက်ကျသောကြောင့် စာမေးပွဲအခန်းတွင်းသို့ မဝင်ရ” ဟူ၍လည်းကောင်း၊ “စာမေးပွဲအခန်းထဲတွင် မဖြေနိုင်သဖြင့် ချွေးဖြိုင်ဖြိုင်ကျသည်” ဟူ၍လည်းကောင်း အိပ်မက်မြင်မက်သဖြင့် ကြောက်လန့်စွာ အိပ်ရာမှ နိုး၏။ တစ်ကိုယ်လုံး ချွေးအတိပြီးလျက်နေ၏။

ဤသို့ စာမေးပွဲကိုကြောက်သူတို့မှာ စာမကျက်သောသူတို့ လူဖျင်းလူညံ့ချည်းသာ မဟုတ်။ စာကြိုးစားသူ လူတော်များလည်း ပါလေသည်။ စာမကျက်ရသေးသော သူတို့က စာကျက်ရန် အချိန်များများ မရတော့သဖြင့် ဝမ်းနည်း၏။ အထက်ထက်က ငါတို့ စာမကျက်မိခဲ့သည်မှာ မှား၏ဟုထင်၏။ စာကျက်ပြီး သောသူတို့ကလည်း ကျက်ပြီးသော စာများကျေအောင် ထပ်မံကျက်ရန် အချိန်ပိုမို၍ရလျှင် ကောင်းမည်ဟု ထင်မှတ်မိ၏။ လူဖျင်းတို့က “အောင်မှ အောင်ပါ့မလား” ဟု တွေး၏။ လူတော်များကမူကား “ပထမ၊ ဒုတိယမှ ရပါ့မလား” ဟု စိုးရိမ်မကင်း ဖြစ်ကြ၏။ အားလုံး အတူတူ မည်သူမျှ စိတ်အေးရသည်ဟူ၍ မရှိ။ စာမေးပွဲက မူကား မည်သူကိုမျှ မထောက်ထား။ ပြုံးစိစိနှင့် စောင့်စား၍သာနေ၏။

စာမေးပွဲတည်းဟူသော ရန်သူကြီးနှင့် တွေ့ဆုံကြရမည့်သူတို့အနက် လန့်ပြီး ဖျားသူကဖျား။ စာကျက်၍ အိပ်ပျက်ဖန်များသောကြောင့် အစားပျက်၊ အစားပျက်သောကြောင့်လည်း ရောဂါရသူက ရ။ ဝဝဖြိုးဖြိုး ပုဂ္ဂိုလ်

mgyoe.com

mgyoe.com


တို့ပင်လျှင် ပိန်ပိန်လှီလှီဖြစ်၍လာ၏။ အညောင်းမိသဖြင့် ခါးကိုင်းသူကိုင်း။ စာဖတ်လွန်၍ မျက်စိမှုန်သူ မှုန်။ နေထိုင်မကောင်း ဖြစ်သူဖြစ်။ (စိတ်ညစ်စရာ၊ စိတ်ပျက်စရာ)

"စာမေးပွဲ" ကမူကား လူနာမျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသော စကားကဲ့သို့ တပြုံးပြုံးနှင့်သာ ချိန်းထားသောရက်ကို စောင့်စား၍ နေလေသတည်း။

ဤသို့ တစ်လကျော်ကျော် နှစ်လနီးပါးခန့် စိတ်၏ပင်ပန်းခြင်း၊ ကိုယ်၏ ပင်ပန်းခြင်းတို့ကို ခံခဲ့ရပြီးနောက် စာမေးပွဲနှင့် တွေ့ဆုံရန် နံနက်ခင်းသို့ရောက်လျှင် ဘုရားရှိခိုးသူခိုး၊ ဆုတောင်းသူတောင်း။ ကျက်မှတ်ထားသော စာတို့ကို ပြန်လှန်ကာ စဉ်းစားသူက စဉ်းစားနှင့် ရှိနေကြလေ၏။ ဤသို့ စဉ်းစားလိုက်သောအခါ၌လည်း ကြည်လင်စွာ မပေါ်။ စာတစ်မျိုးနှင့် တစ်မျိုး ရှုပ်ထွေးရောယှက်ကာ ပေါ်၍လာကြ၏။ သူအရင်လာပါရစေ။ ငါအရင်လာပါရစေဟု ရုပ်ရှင်ရုံအဝင်ဝတွင် တိုးဝှေ့နေကြသကဲ့သို့ စာတွေ ဉာဏ်ဝ၌ တိုးဝှေ့၍နေကြ၏။

ထို့နောက် ချိန်းထားသော အချိန်သို့ရောက်လျှင် တထိတ်ထိတ်နှင့်ပင် စာမေးပွဲအခန်းရှိရာသို့ သွားရောက်ကြရ၏။ ကြောက်သွေးမွှန်နေသောကြောင့် ရင်တစ်ခုလုံး တဆတ်ဆတ်နှင့် တုန်နေ၏။ မီးရထားခုတ်သည်ထက်ပင် ပြင်းထန်သေး၏။ ထိုအခိုက်တွင် မည်သည့်စိတ်မျှ မဝင်နိုင်။ "ဖြေနိုင်ပါ့မလား။ ဖြေနိုင်ပါ့မလား။ ဘယ်လိုမေးခွန်းများပါလိမ့်" စသော စိတ်ကူးတို့သာ ဝင်နိုင်လေသည်။ (ရည်းစားကို မလွမ်း၊ ပျော်ရွှင်မှု မလာ၊ ပျင်းမှုလည်း မပါ။)

စာမေးပွဲအခန်းထဲသို့ ရောက်၍ မေးခွန်းစာရွက်များ ပေးလိုက်သောအခါ စိတ်၌ မိုက်ခနဲ ဖြစ်သွားသူ ဖြစ်သွား။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သူ တုန်။ ဒေးပြီး ကြက်သေသေနေသူ သေနေ။ လက်တုန်နေသဖြင့် စာ မရေးနိုင်သူတွေကလည်း မရှား။ အားပါးတရ ဖြစ်နေသူတို့က အနည်းငယ်သာ ရှိချေ၏။

ထိုအခါ စာမေးပွဲတည်းဟူသော သားရဲကြီးက အချို့ကို ကန်၍ထုတ်လိုက်၏။ အချို့ကို လက်ဝါးပြတ်ဖြင့် နှက်ကာ လွှတ်လိုက်၏။ အချို့ကိုမူ

mgyoe.com

mgyoe.com


ကြိမ်းမောင်း၏။ အချို့ကိုကား စကားမပြော။ ကျန်အနည်းငယ်သော သူတို့ကိုသာ "ကနေ့တော့ဖြင့် တော်ရဲ့။ နက်ဖြန်ခါ သတိထား" ဟု ဆို၍ လွှတ်လိုက်လေသတည်း။

ထိုအရိုက်အနှက်ခံရသောသူတို့အနက် အချို့မှာ ခေါင်းငုံ့၍သွား၏။ အချို့ကား စာမေးပွဲကို ဆဲရေး၍ သွား၏။ အချို့မှာ အလုပ်ရှာရန် စဉ်းစား၍ သွား၏။ "စာမေးပွဲ"က မျက်နှာသာ ပေးလိုက်သော သူတို့ကမူကား ခေါင်းထောင်၍ သွားကြလေသည်။ လေထဲတွင် တိုက်အိမ်ဆောက်သူတွေကလည်း မရှား။ ရည်းစားအကြောင်းကိုပင်လျှင် စဉ်းစားနိုင်ကြသေး၏။

အထက်ပါနည်းအတိုင်း စာမေးပွဲဖြေဆိုရန် ရက်ရှိသမျှ တွေ့ကြုံကြရ၏။ "စာမေးပွဲ"ကမူကား အောင်မြင်သူ နည်းပါးသည်ထက် နည်းပါးအောင် စစ်၍၊ စစ်၍ ထုတ်လိုက်၏။ နောက်ဆုံး စာမေးပွဲပြီးသောနေ့တွင် စိတ်အေးလက်အေး၊ စိတ်ချလက်ချနှင့် "ငါ ကြိတိုင်းပေါက်ပြီ" ဟု ထင်မှတ်ကာ ပြန်သွားသောသူ တစ်ယောက်မျှမရှိ။ စိတ်ထဲတွင် အပူတစ်မျိုးမျိုးရှိသူချည်း ဖြစ်လေသည်။

စာမေးပွဲပြီးစီးသောအခါ ထိုအပူတို့သည် တဖြည်းဖြည်း အေး၍သွား၏။ သို့သော် အောင်စာရင်းများကို စိတ်ကူးမိတိုင်း စိတ်ထဲတွင် မီးတောင်ပေါက်ကွဲလေ့ ရှိ၏။ စာမေးပွဲအောင်စာရင်းများ ထွက်ချိန်နီးသောအခါ တလောပူကြပြန်၏။ ကြေးနန်းရိုက်မေးသူက မေး၊ စာပေးသူကပေး၊ ရှုပ်ထွေး၍နေကြ၏။ ထမင်းမစားနိုင် ဖြစ်ပြန်၏။ မအိပ်နိုင် ဖြစ်ပြန်၏။ သတင်းစာ လာတိုင်း၊ စာရောက်တိုင်း လန့်၍သွား၏။ ထိတ်၍ သွား၏။ ကြောက်၍သွား၏။ အောင်စာရင်းကိုလည်း သိလို၏။ သိရမှာကိုလည်း ကြောက်၏။ အောင်မည်လား။ ကျမည်လား။ အောင်သော်လည်း ထင်တိုင်းပေါက်မည်လား။

စာမေးပွဲအောင်စာရင်းများ ထွက်လာသောအခါ အုတ်အုတ်ကျက်ကျက် ဆူညံ၍ သွား၏။ မဖြေနိုင်ဟုထင်သူများ အောင်၍ လာတတ်၏။ လက်ပမ်းပေါက် ထ၍ ခတ်ကြ၏။ ကျွမ်းထိုးသူလည်း ထိုး၏။ နေမထိထိုင်မထိဖြစ်သူလည်း ဖြစ်၏။ လက်ထဲတွင်ရှိသော ပိုက်ဆံအားလုံးကိုလည်း သုံးစွဲလိုက်ကြ၏။ လက်ဖက်ရည်ဆိုင်၊ ရုပ်ရှင်ရုံပွဲတို့ ပိုက်ဆံရကြ၏။

mgyoe.com

mgyoe.com


အောင်မည်ဟု စိတ်ချ၍နေသောသူများလည်း ကျလျက်နေတတ်၏။ ထိုအခါ လက်မှိုင်ကျ၍ သွားကြ၏။ မျက်ရည်တတွေတွေ စီးဆင်း၍ သွားကြ၏။ လောကကြီးသည် အချည်းနှီးဖြစ်၍သွား၏။ အိပ်ရာထဲဝင်ကာ လူမမာကဲ့သို့ ဖြစ်နေ၏။

စာမေးပွဲတည်းဟူသော ရန်သူဆိုးကြီးသည် စာမေးပွဲဝင်သူတို့အား ဤမျှ ဒုက္ခပေး၏။ သို့သော် သူ မပါလည်း မပြီး။ သူပါလည်း တညည်းညည်း။ စင်စစ်ကား စာမေးပွဲအောင်သည်က တစ်မျိုး။ စာတတ်သည်က တခြား။ ကာလတွင် အခက်သားဟူလို။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၃၀။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အကြံ

တက္ကသိုလ်စာမေးပွဲများ ကျင်းပသောနံနက်သို့ ရောက်၍လာ၏။ နံနက် ၄ နာရီ အိပ်ရာမှ ထပြီးလျှင် အင်္ကျီအဝတ်အစားလဲကာ ရွှေတိဂုံဘုရားကြီးသို့ သွား၏။ တစ်ယောက်တည်းသွားရမည်ကို ကြောက်၏။ သို့သော် ဘုရားတွင် အာရုံကပ်နေသောကြောင့် ကြောက်သောစိတ်ကို ကြိုးစား၍ တင်းကာ လမ်းတွင် တုတ်တစ်ချောင်းကို ကောက်ပြီးလျှင် ခပ်တင်းတင်း ကိုင်၍ ဘုရားကြီးတည်ရာသို့ သွားလေသတည်း။

ဘုရားကြီးသို့ရောက်သောအခါ မကြာမီကဖွင့်သော စောင်းတန်းမှ တက်၏။ ဘုရားရင်ပြင်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ဘုရားကို ဝတ်ပြု၏။ ဝတ်ပြုပြီးသည်၏အခြားမဲ့၌ ဥပစာတန်းစာမေးပွဲအောင်ရန် ကြာရှည်စွာ ဆုတောင်း၏။ ဆုတောင်းပြီးလျှင် ကျောင်းသို့ ပြန်လာခဲ့လေသည်။ တစ်လမ်းလုံး စာမေးပွဲအကြောင်း စီးဖြန်း၍လာ၏။ 'အောင်ပါ့မလား၊ ဖြေနိုင်ပါ့မလား' စသဖြင့်. ပါးစပ်က ရွတ်၍လာ၏။

ကျောင်းသို့ရောက်လျှင် ဖြေရမည့်စာအုပ်တို့ကို ပြန်၍ဖတ်လေ၏။ ခေါင်းထဲသို့ စာတစ်လုံးမျှ မဝင်။ စိတ်အပြင်ဘက်သို့သာ ထွက်၍ ထွက်၍ သွားကြကုန်၏။ စိတ်တစ်ခုလုံး ရှုပ်ထွေးပြီးလျှင် ခေါင်းတစ်ခေါင်းလုံး ပူလျက်နေလေသတည်း။ ထိုနံနက် ထမင်းတစ်လုတ်မျှ မစားနိုင်။

အချိန်ကျရောက်လျှင် စာမေးပွဲအခန်းထဲသို့ ဝင်ပြီးလျှင် မိမိနေရာ

mgyoe.com

mgyoe.com

တွင် ထိုင်၏။ ရင်အတွင်း တထိတ်ထိတ်နှင့်နေ၏။ ဖြေရန် စာအုပ်တွင် နံပါတ်ကို ရေး၏။ ရေးပြီးလျှင် မေးခွန်းကိုသာ စောင့်စား၍နေလေသတည်း။

မေးခွန်းကို ဆိုင်ရာဆရာက လာ၍ပေး၏။ ၎င်းရသော မေးခွန်းကို ဖတ်လိုက်သောအခါ မိုက်၍သွား၏။ မူး၍သွား၏။ ပုစ္ဆာတစ်ခုကိုမျှ မဖြေနိုင်သောကြောင့် ဖြစ်လေသည်။ ပုစ္ဆာနံပါတ် ၁ မှစ၍ အဆုံးတိုင်အောင် ပြန်၍ဖတ်၏။ ထို့နောက် အဆုံးမှ အစသို့ တစ်ခုပြီးတစ်ခုလှန်၍ဖတ်၏။ ထိုအခါတွင်လည်း မဖြေနိုင်။ ချွေးပြိုင်ပြိုင်ကျ၏။ ချွေးများကို လက်ကိုင်ပဝါနှင့် သုတ်ရသည်မှာ အခါခါ။ လက်နှစ်ဖက်နှင့် မေးထောက်ကာ မေးခွန်းစာရွက်ကိုသာ ကသိုဏ်းရှုနေ၏။

အနီးအနားတွင်ရှိသော သူတို့အနက် အချို့မှာ အားရပါးရ ဖြေဆိုနေကြလေသည်။ အားကျမိ၏။ အချို့ကား မဖြေနိုင် လက်မှိုင်ကျနေကြလေကုန်၏။ ဤသို့ ချွေးပြိုင်ပြိုင်ကျနေရင်းပင် နာရီဝက်ခန့် ကုန်လွန်ခဲ့လေသတည်း။ ထို့နောက် တစ်နာရီ၊ ထို့နောက် တစ်နာရီခွဲ စသဖြင့် အစဉ်အတိုင်း အချိန်ကုန်မှန်းမသိ ကုန်လွန်၍လာ၏။ အဖြေစာအုပ်မှာလည်း မင်စက်မစွန်း ဖြူဖြူဖွေးဖွေး ပကတိအတိုင်းပင် ရှိနေသေး၏။

ဤသို့နေ၍မဖြစ်။ ဖြေလေဦးမှပဲဟု စိတ်ကူးကာ အလွယ်ဆုံးဟု ထင်မှတ်ရသော ပုစ္ဆာတစ်ပုဒ်ကို ဖြေ၏။ စာမျက်နှာ သုံးမျက်နှာ အနည်းဆုံး ဖြေပါမှ နေရာကျမည်ဖြစ်သော မေးခွန်းကို စာကြောင်းလေးကြောင်းမျှသာ ဖြေဆိုနိုင်လေသည်။ ဆက်လက်၍ မဖြေနိုင်၊ လက်မှိုင်ချရပေ၏။ ရှေးက စာမကျက်ခဲ့မိသည့်အတွက် မိမိကိုယ်ကို စိတ်ဆိုး၏။ နောင်တတစ်ဖန် ရမိ၏။ မေးခွန်းထုတ်သူကိုလည်း အခက်များကို မေးရမည်လောဟု ကျိန်ဆဲ၏။ ဤနည်းအတိုင်း အချိန်တော်တော်ညောင်းခဲ့၏။

အခြားပုစ္ဆာတစ်ပုဒ်ကို စမ်း၍ဖြေပြန်၏။ သို့သော် စာအခြေခံမရှိသောကြောင့် ယခင်နည်းအတိုင်း သုံးလေးကြောင်းမျှ ရေးမိလျှင် ဆက်လက်၍ မရေးနိုင်သဖြင့် ကလောင်ကို ရပ်ဆိုင်းရပြန်၏။ မိမိအနီးအနားတွင် ကလောင်ကို ခပ်သွက်သွက်နှင့်နေကြသော သူတို့ကိုမြင်လျှင် အားကျမိ၏။ သို့သော် မည်သို့မျှ မတတ်နိုင်။ ကိုယ့်ကံ ကိုယ့်အကျိုး။ မည်သူကယ်နိုင်အံ့နည်း။

mgyoe.com

mgyoe.com


အထက်ပါနည်းအတိုင်း ကလောင်ကို ကိုင်ချည်၊ ချချည်။ လက်ကိုင်ပဝါကိုထုတ်ကာ ချွေးသုတ်ချည်နှင့် လုပ်နေ၍ သုံးနာရီခန့်ကြာလျှင် စာရေးခြင်းရပ်စဲရန် ဆိုင်ရာ ဆရာက အမိန့်ပေးလိုက်၏။ ရပ်စဲနေသည်မှာ အတော်ကြာပြီဖြစ်သောကြောင့် အထူးရပ်စဲရန် မလို။ အတန်ကြာလျှင် အဖြေစာအုပ်များကို လာရောက်သိမ်းယူကြ၏။ အချို့နှစ်အုပ် သုံးအုပ်ပင် ဖြေဆိုနိုင်ကြလေသည်။ တကယ့်လူတွေတည်း။ စာဆယ်ကြောင်းခန့်မျှ ရေးသားထားသော အဖြေစာအုပ်ကို ကမ်းပေးလိုက်ရ၏။

အဖြေစာအုပ်ပေးပြီးနောက် တွေဝေသောစိတ်ဖြင့် စာမေးပွဲခန်းထဲမှ ထွက်၍ လာခဲ့၏။ စာမေးပွဲမအောင်မည်ကိုကား ယုံမှားဖွယ်မရှိ။ အခြားဘာသာများကို ဖြေဆိုသော်လည်း အကျိုးရှိတော့မည်မဟုတ်။ အချိန်ကုန်လူပန်းရုံရှိတော့မည်။ ကျောင်းတွင် ဆက်ကာနေသော်လည်း အကျိုးမထူးတော့ပြီ။ အိမ်ပြန်လေမှ တော်တော့မည်ဟု တွေးတောရင်း နေရာအခန်းသို့ရောက်၏။ ရောက်လျှင်ရောက်ချင်းပင် အဝတ်အစား၊ စာအုပ်တို့ကို သေတ္တာ၊ ဖာတို့တွင် ထည့်ကာ အိမ်ပြန်ရန် ပြင်၏။ ထိုနေ့ပင် မီးရထားစီးကာ အိမ်သို့ပြန်လာခဲ့လေသတည်း။

အိမ်သို့ရောက်၍မိဘဆွေမျိုးများက စာမေးပွဲပြီးပြီလားဟုမေးလျှင် ပြီးခဲ့ပြီဟု ပြန်ပြော၏။ ကောင်းမွန်စွာ ဖြေဆိုနိုင်ပါ၏လားဟု မေးပြန်လျှင် ကောင်းမွန်စွာ ဖြေဆိုနိုင်ပါ၏။ သို့သော် စာမေးပွဲတို့မည်သည်မှာ 'သရက်နှင့်အိုး ကြွက်နှင့်မိုး' ဆိုရိုးစကားကဲ့သို့ စိတ်ချရသော အရာမျိုးမဟုတ်။ အောင်စာရင်းများထွက်မှ အောင်၊ မအောင် သိရမည်ဟု ပြန်ပြော၏။ မိဘဆွေမျိုးများလည်း အားရဝမ်းသာ ရှိကြလေသတည်း။

အိမ်တွင် တနင်္ဂနွေတစ်ပတ်နေပြီးလျှင် စိတ်ကူးမိသည်ကား ဤသို့တည်း။ အောင်စာရင်းများ ထွက်လာပါလျှင် မအောင်မြင်ကြောင်းကို မိဘဆွေမျိုးများအား ပြောရမည်မှာ ရှက်စရာကောင်းလှ၏။ ထို့ပြင် တစ်ရပ်တည်းနေ ညီအစ်ကို တစ်ဝမ်းကွဲ မောင်သိန်းဖေမှာ စာကြိုးစားသူဖြစ်သောကြောင့် ဧကန်ပင် အောင်မြင်ပေလိမ့်မည်။ အောင်စာရင်းများ ထွက်လာသောအခါ မိမိအောင်မြင်ကြောင်းကို အိမ်လာပြီး ကြွားနေပါက အခက်နှင့်တွေ့ကြုံရတော့မည်။ ထိုအောင်စာရင်းများ ထွက်ချိန်၌ အိမ်တွင်ရှိနေ၍

mgyoe.com

mgyoe.com


ဟန်မရ။ ယခုကပင် တစ်နေရာရာသို့ အလည်အပတ် ထွက်နေလျှင် ကောင်းရဲ့။

သွားရမည်ကား ကောင်းလှပေ၏။ အဘယ်သို့ သွားရအံ့နည်း။ မော်လမြိုင် သို့သွားရလျှင် ကောင်းမလား။ မော်လမြိုင်မြို့သည် သာသာ ယာယာရှိသည် ဟူ၍ ကြားဖူးလေသည်။ တောတွေတောင်တွေ ဝိုင်းနေ သော တောင်ဝိုင်းကြီး၊ တောင်ဝိုင်းကလေးတို့ ရှိသည်ဟူ၍လည်း ကြားဖူး လေသည်။ သင်္ကြန်အခါတွင် မော်လမြိုင်၌ အလွန်ပျော်စရာကောင်းသည် ဟူ၍လည်း ကြားဖူး၏။ သို့သော် မော်လမြိုင်သူ မော်လမြိုင်သားတို့မှာ တစ်ဖက်သားကို ညှာတာထောက်ထားခြင်း အလျှင်းမရှိ။ ပုံးကြီးပုံးငယ် တို့ဖြင့် တအားကုန် ရေလောင်းကြသည်ဟု ကြားဖူးလေသည်။ ကြောက် စရာကောင်းလှ၏။ မော်လမြိုင်တွင် ရင်းနှီးသော မိတ်ဆွေများလည်း မရှိ။ မော်လမြိုင်သားတို့ကဲ့သို့ 'လေးရွေး' 'ကိုးပြား'လည်း မခေါ်တတ်။ မော်လမြိုင် သို့သွားလျှင် ခွကျနေပေလိမ့်မည်။ မော်လမြိုင်သွား၍မဖြစ်။

စစ်ကိုင်းသွားရ ကောင်းမလား။ စစ်ကိုင်းသည် အလွန်နာမည်ကျော် သော မြို့ဖြစ်၏။ ငါလည်း မကြာမီက ရောက်ဖူးလေသည်။ မိတ်ဆွေကောင်း လည်း ရှိ၏။ တန်ခိုးကြီးသော ဘုရားများ။ ထင်ရှားသော ချောင်များ။ သူတော်ကောင်း သူမြတ်လောင်းတို့နှင့်လည်း ပြည့်စုံ၏။

စစ်ကိုင်းသူကလေးတို့မှာလည်း အောက်သူများကဲ့သို့ ဆံထုံးကြီး ကြီးနှင့် ယဉ်စရှိကြ၏။ မြင်ရလျှင် မက်လည်း မက်လောက်ကြ၏။ ချစ်စဖွယ် လည်း ကောင်း၏။ နဖူးစာဆိုသည်မှာ အတည်တကျဟူ၍မရှိ။ စစ်ကိုင်းသူ ကလေးများနှင့် နဖူးစာ ရှိပါကလည်း နေရာကျချင် ကျနေပေလိမ့်မည်။ ပေါင်းနှင်းရီ။ မုန့်ဆောင့်ကြိုး၊ မုန့်လေပွေဆီဆမ်း၊ ဆင်ဝမ်းပြင်းအုန်းရည် ဆမ်း အစရှိကြသော မုန့်တို့မှာလည်း စား၍ကောင်းလှ၏။

ထိုမှတစ်ပါး အပူတစ်ခုခုကြောင့် ဒုက္ခရောက်နေသူတို့မှာလည်း စစ်ကိုင်းတောင်ရိုးသို့ ခိုကြ ကပ်ကြလျှင် အပူအပေါင်းမှ ကင်းဝေးပြီးလျှင် သုခရကြသည် ဟူ၍ ဝတ္ထု မဂ္ဂဇင်း စသည်တို့တွင် မကြာမကြာ တွေ့မြင်ရ လေသည်။ ငါသည်လည်း စာမေးပွဲအတွက် ရတက်ပွေနေသူတစ်ယောက် ဖြစ်၏။ စစ်ကိုင်းတောင်ရိုးတည်းဟူသော မှီခိုရာရလျှင် ငါ၏သောကများ

mgyoe.com

mgyoe.com


အေးလေကောင်းရဲ့။

ထို့ပြင်လည်း မစ္စတာမောင်မှိုင်းဆိုသော ပုဂ္ဂိုလ်တစ်ဦးသည် တပည့်မသီလရှင်များအတွက် စိတ်ပျက်ပါလျှင် စစ်ကိုင်းချောင်သို့ သွားကြောင်းနှင့် မောင်မှိုင်း၏ဆောင်းပါးတို့တွင် မကြာမကြာ ဖတ်ရလေသည်။ ငါသည်လည်း စာမေးပွဲအတွက် စိတ်ညစ်နေရသည့်အခိုက် စစ်ကိုင်းချောင်သို့ သွားလေမှပဲ။

ဤသို့ကြံစည်၏။ ဤသို့တွေးတော၏။ ထို့နောက် မိဘများထံတွင် ငွေလုံလောက်စွာ တောင်း၏။ ရလျှင် စစ်ကိုင်းမိတ်ဆွေများရှိရာသို့ အလည်အပတ် ထွက်ခဲ့လေသတည်း။ ။

တက္ကသိုလ်ကျောင်းတိုက်နှစ်လည်မဂ္ဂဇင်း၊ မတ်၊ ၁၉၃၁။

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# သမဂ္ဂ

အို ... စာဖတ်သူအပေါင်းတို့ ရှုကြကုန်လော့။ ဤစားပွဲကား မောင်လူအေး၏ စာရေးရာ၊ စာကြည့်ရာ အလုပ်လုပ်ရာ စားပွဲဖြစ်ပါသည်။ စားပွဲပေါ်တွင် ရှိသော ပစ္စည်းတို့ကို ရှုပါဦး။ ဦးတိုး ရာမရကာန်တစ်အုပ်၊ တရုတ်သံရောက် မော်ကွန်းတစ်အုပ်၊ မွေ့နွန်းရကာန်တစ်အုပ်၊ ပြဇာတ်ပေါင်းချုပ်တစ်အုပ်၊ ကင်းဝန်မင်းကြီး လန်ဒန်သွားမှတ်တမ်း တစ်အုပ်၊ ဇော်ဂျီ၏ ရွှေမောင်းသံ ပြဇာတ်တစ်အုပ်၊ အားလုံး ပြန့်ကျဲ၍နေကြလေသည်။ ဖုန်အလိမ်းလိမ်း ကပ်လျက်၊ မင်အိုးလွတ်နှစ်လုံး၊ ကလောင်တံုးတံကျိုးနှစ်ချောင်း။ မြေပဲခွံ တစ်ပုံ၊ ဆီးစေ့ခြောက်လုံး၊ စာခြင်းတစ်ခု၊ အမှုတွဲငါးတွဲ၊ မိတ်ဆွေကွန်စု၊ မဟာဝိဇ္ဇာဦးညွန့်တို့ထံမှ စာနှစ်စောင် သုံးစောင်။ မိမိက ရေးထားသော တစ်ပိုင်းတစ်စ စာများ၊ အားလုံး ဤစားပွဲပေါ်မှာပင်။ မင်စက္ကူကားနှစ်ချပ် လည်း ရှိသေး။ ၎င်းတို့ကား မောင်လူအေး၏ အသုံးတော်ကို ခံခဲ့ကြသည်မှာ ကြာပြီဖြစ်သောကြောင့် နဂိုရုပ်ပင် မပေါ်ပြီ။ ၎င်းအပေါ်တွင် ငှက်ရုပ်ကလေး များလည်း ရှိ၊ မိန်းမရုပ်များလည်း ပါ။ တောတောင်ပုံတွေမှာလည်း အများ။ အိမ်ရာပုံတွေ၊ နာမည်တွေ ရှိ၏။ ကြက်ခြေတွေ၊ ဝလုံးတွေ၊ ဂဏန်းတွေလည်း အများ။ မောင်လူအေး စိတ်ကူးရင်း လက်သရမ်းထားရာများ ဖြစ်သည်။ ကျောင်းသားဘဝက ခုံရှေ့တွင် လက်သရမ်းလေ့ရှိသော အကျင့်မှာ ယခု ထက်တိုင် မပျောက်သေးပေ။ ဤအကျင့်မျိုး ပျောက်ရန်ကား အင်မတန်မှ

mgyoe.com